Panasonic

# အသုံးပြုပုံနှင့် တပ်ဆင်ခြင်းလမ်းညွှန်ချက်များ

## အဝတ်လျှော်စက်

(အိမ်တွင်အသုံးပြုရန်အတွက်သာ)

မော်ဒယ်နံပါတ် : NA-120VX6
NA-129VG6
NA-120VG6
NA-129VG6



## ပါဝင်သည့်အကြောင်းအရာများ


| | |
|---|---|
| ဘေးကင်းလုံခြုံရေးဆိုင်ရာ ကြိုတင်သတိပေးချက်များ | ၄ |
| အသုံးမပြုမီ | ၈ |
| အဝတ်လျှော်ခြင်း | ၁၄ |
| အခြားသော အပိုဖန်ရှင်များ | ၂၂ |
| ပြုပြင်ထိန်းသိမ်းခြင်း | ၂၇ |
| ပြဿနာ ရှာဖွေဖြေရှင်းခြင်း | ၃၀ |
| တပ်ဆင်ခြင်း / အခြားသော အရာများ | ၃၄ |


ဤထုတ်ကုန်ပစ္စည်းကို ဝယ်ယူအားပေးသည့် အတွက် ကျေးဇူးတင်ရှိပါသည်။

– စက်ကိုကောင်းမွန်သောစွမ်းဆောင်မှုများလုပ်ဆောင်နိုင်ရန် နှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရန် အသုံးမပြုမီ ဤလမ်းညွှန်ချက်များကို သေချာစွာဂရုတစိုက်ဖတ်ပါ။

– နောင်တွင် အသုံးပြုနိုင်ရန် ဤလမ်းညွှန်စာအုပ်ကို သိမ်း ဆည်းထားပါ။

# ပါဝင်သည့်အကြောင်းအရာများ

## ဘေးကင်းလုံခြုံရေးဆိုင်ရာ ကြိုတင်သတိပေးချက်များ


- ဘေးကင်းလုံခြုံရေးဆိုင်ရာ ကြိုတင်သတိပေးချက်များ . . . . . . . . . ၄


## အသုံးမပြုမီ


- အဝတ်လျှော်စက်ကို စစ်ဆေးခြင်း . . . . . . . . . . . . . . . . . ၈
- အဝတ်လျှော်ခြင်းမပြုမီ . . . . . . . . . . . . . . . . . . . . ၉
- ထိန်းချုပ်မှုမျက်နှာပြင် . . . . . . . . . . . . . . . . . . . . ၁၀
- အဝတ်လျှော်ဆပ်ပြာ . . . . . . . . . . . . . . . . . . . . ၁၂


## အဝတ်လျှော်ခြင်း


- အဝတ်လျှော်ခြင်း (အခြေခံနည်းလမ်း) . . . . . . . . . . . . . . . ၁၄
- ပရိုဂရမ်များကို ရှင်းပြခြင်း . . . . . . . . . . . . . . . . . . ၁၆
- ပရိုဂရမ်များကိုများအကြောင်းအသေးစိတ် . . . . . . . . . . . . ၁၈
- အဝတ်လျှော်ပုံနည်းလမ်းများ . . . . . . . . . . . . . . . . . . ၂၀


## အခြားသောအပိုလုပ်ဆောင်ချက်များ


- ပရိုဂရမ်ချိန်ညှိချက်များကို ပြောင်းခြင်း . . . . . . . . . . . . ၂၂
  - အပူချိန်ကို ပြောင်းခြင်း (Water Temp) . . . . . . . . . . . . . . . ၂၂
  - ရေမျက်နှာပြင်အနိမ့်အမြင့်ပြောင်းခြင်း (Water Level) . . . . . . . . . . . . . . . ၂၂
  - လည်ပတ်နှုန်းပြောင်းခြင်း (Spin Speed) . . . . . . . . . . . . . . . ၂၃
  - ပရိုဂရမ်ပြီးဆုံးမည့်အချိန်ကို ချိန်ညှိခြင်း (အဝတ်လျှော်ခြင်း) . . . . . . . . . . . . . . . ၂၃
- အခြားအပိုဖန်ရှင်းများဖြင့် အဝတ်လျှော်ခြင်း . . . . . . . . . . . ၂၄
  - လုပ်ငန်းဆောင်တာများကို ရွေးချယ်ပြီးဆက်လက်ပြုလုပ်ခြင်း (Mode) . . . . . . . . . . . . . . . . . . . ၂၄
  - ဆပ်ပြာရည်စိမ်ခြင်း (Prewash) . . . . . . . . . . . . . . . . . ၂၅
  - ရေဖြင့်နှစ်စပ်စွာဆေးကြောခြင်း (Extra Rinse) . . . . . . . . . . . . ၂၅
  - လျှော်ရမည့်အဝတ်များကိုပိုးသတ်ခြင်း [Ag+ အပြာရောင်Ag+ (အများဆုံး၁ကီလိုဂရမ်). . . . . . . . ၂၅

■ စက်၏မူလသတ်မှတ်ထားသည့်
ချိန်ညှိမှုများကိုပြောင်းခြင်း . . . . . . . . . . . . . ၂၆
- အချက်ပေးသံကိုပယ်ဖျက်ခြင်း . . . . . . . . . . . ၂၆
- ကလေးများဘေးအန္တရာယ်ကင်းစေရန် လော့ခ်ချသည့် ခလုတ်ကိုချိန်ညှိခြင်း (Child Lock) . . . . ၂၆
- "အမြှုပ်များကိုလျင်မြန်စွာထုတ်လွှတ်ပေးသည့် စနစ်"ကိုပယ်ဖျက်ခြင်း . . . . . . . . . . . . . ၂၆

## ပြုပြင်ထိန်းသိမ်းခြင်း

■ ပြုပြင်ထိန်းသိမ်းခြင်း
- ရေသွင်းပေးသောစစ်ထုတ်ကိရိယာ . . . . . . . . ၂၇
- ရေသွင်းပိုက်အလွန်အေးနေလျှင် . . . . . . . . ၂၇
- ကိရိယာများ . . . . . . . . . . . . . . . ၂၇
- အဝတ်ထည့်သည့်ကန် . . . . . . . . . . . . . . ၂၈
- အဝတ်လျှော်ဆပ်ပြာထည့်သည့်အကန့် . . . . . . ၂၈
- ရေထုတ်သည့်ကိရိယာ . . . . . . . . . . . . . . ၂၉

## ပြဿနာရှာဖွေဖြေရှင်းခြင်း

■ ပြဿနာရှာဖွေဖြေရှင်းခြင်း . . . . . . . . . . . . . ၃၀

■ အမှားဖော်ပြချက် . . . . . . . . . . . . . . . . ၃၃

## တပ်ဆင်ခြင်း / အခြားသောအရာများ

(တပ်ဆင်နည်းကိုဝန်ဆောင်မှုပေးသည့် ပုဂ္ဂိုလ်ထံတွင်မေးမြန်းပါ။)

■ မှန်ကန်သောနေရာကိုရွေးချယ်ခြင်း . . . . . . . . . . ၃၄
■ နေရာရွှေ့ခြင်းနှင့်တပ်ဆင်ခြင်း . . . . . . . . . . . ၃၅
■ ရေပိုက်များဆက်သွယ်ခြင်း . . . . . . . . . . . ၃၇
■ တပ်ဆင်ပြီးနောက်စစ်ဆေးခြင်း . . . . . . . . . . . ၃၉
■ မီးအားနှင့်ရေသုံးစွဲမှု . . . . . . . . . . . . . ၄၁
■ အသေးစိတ်အချက်အလက်များ . . . . . . . . ၄၂


ဤလမ်းညွှန်ချက်များရှိရုပ်ပုံများသည် မော်ဒယ်နံပါတ် NA-120VX6 ကိုသာရည်ညွှန်းထားခြင်းဖြစ်ပါသည်။

# ဘေးကင်းလုံခြုံရေးဆိုင်ရာ သတိပေးချက်များ

အောက်ပါဘေးကင်းလုံခြုံရေးဆိုင်ရာ ကြိုတင်သတိပေးချက်များကို ဖတ်ရှု၍ လိုက်နာပါ။

## ⚠ အရေးကြီးသတိပေးချက်

ပြင်းထန်သော အနာတရဖြစ်မှု (သို့) အသက်ဆုံးရှုံးခြင်း တို့ကို ဖြစ်စေနိုင်ပါသည်။

**သင်နှင့် သင့်မိသားစုဘေးကင်းလုံခြုံမှုအတွက်**

- ဤစက်သည် ကလေးများအပါအဝင် ရုပ်ပိုင်းဆိုင်ရာ၊ အမြင်အာရုံဆိုင်ရာ (သို့) စိတ်ပိုင်းဆိုင်ရာ အားနည်းသူများ၊ဘေးကင်း လုံခြုံမှုအတွက် တာဝန်ရှိသူ၏စက်အသုံးပြုမှုနှင့် ပတ်သက်၍ လမ်းညွှန်ချက်မရသော အတွေ့အကြုံနှင့် ဗဟုသုတနည်းသူ များ အသုံးမပြုပါနှင့်။
- ကလေးများအား စက်နှင့် ဆော့ကစားခြင်း မပြုစေရန် အုပ်ထိန်းသူများက စောင့်ကြည့်သင့်သည်။
- စက်ကို မီးနှင့်ဝေးသောနေရာတွင်ထားပါ။မီးလောင်လွယ်သော ပစ္စည်းများ (သို့) အဝတ်ထည့်ထားသည့် အဝတ်ကန်ကဲ့သို့ သောအရာများကို မထားပါနှင့်။ ၎င်းတို့ကို စက်၏ အဝေးတွင်ထားပါ။ ( ပေါက်ကွဲခြင်းနှင့် မီးလောင်ခြင်းတို့မှ ကာကွယ်ရန် )
  ဥပမာ – ရေနံဆီ၊ ဓာတ်ဆီ၊ ဘန်ဇင်း / တင်နာ၊ အရက် အစရှိသည်။
- ထိခိုက်နာကျင်ခြင်းမှ ကာကွယ်ရန် အဝတ်လျှော်စက်လည်ပတ်မှု လုံးဝမရပ်မချင်း အဝတ်ကန်ကို လုံးဝထိကိုင်ခြင်း မပြုပါနှင့်။

**အပ်ကြိုးချခြင်း**

- အပ်ကြိုးချခြင်းအား သင်ဤစက်ကို ဝယ်ယူခဲ့သည့်ဆိုင်မှ ပြုလုပ်ဆောင်ရွက်ပေးရမည်။
  အပ်ကြိုးချပေးခြင်း မရှိခဲ့လျှင် လျှပ်စစ်ယိုစိမ့်မှုဖြစ်၍ လျှပ်စစ်ရှော့ခ် ဖြစ်ပွားစေနိုင်ပါသည်။

## ⚠ အရေးကြီးသတိပေးချက်

### လျှပ်စစ်ရှော့ခ်၊ အပူလွန်ကဲခြင်း၊ လောင်ကျွမ်းခြင်း (သို့) မီးလောင်ခြင်းတို့မှ ကာကွယ်ရန်

- ဤစက်နှင့်ကိုက်ညီသော ပလပ်ပေါက်ကိုသာ အသုံးပြုပါ။ ပလပ်အဒပ်တာ (သို့) မီးကြိုးအပိုကို အသုံးမပြုပါနှင့်။
- ပျက်စီးနေသော ပါဝါမီးကြိုး (သို့) ပလပ်ကို အသုံးမပြုပါနှင့်။ ပါဝါကြိုး ပျက်စီးနေပါက အန္တရာယ်ဖြစ်ခြင်းမှ ရှောင်ရှားရန် ၎င်းစက်၏ ထုတ်လုပ်သူ၊ အရောင်းကိုယ်စားလှယ် (သို့) အလားတူ ကျွမ်းကျင်သော ပုဂ္ဂိုလ်တို့က အစားထိုးလဲလှယ်ပေးရမည်။
- ရေစိုနေသောလက်များဖြင့် ပလပ်တပ်ခြင်း (သို့) ဖြုတ်ခြင်း မလုပ်ပါနှင့်။
- ပလပ်ပေါက်ထဲသို့ ပါဝါကို သေချာဝင်သွားသည် အထိထည့်ပါ။
- ပလပ်ကို ပလပ်ပေါက်မှ ဖြုတ်သည့်အခါ ကြိုးကို ကိုင်၍ (သို့) ကြိုးမှ ဆွဲ၍ ဖြုတ်ခြင်း မပြုပါနှင့်။
- သန့်ရှင်းရေး မပြုလုပ်မီ ပါဝါကြိုးကို ဖြုတ်ထားပါ။

### ပြုပြင်ခြင်းများ

- စက်ကို သင်ကိုယ်တိုင် ဖြုတ်ခြင်း၊ ပြုပြင်ခြင်း (သို့) မွမ်းမံခြင်း လုံးဝ မပြုလုပ်ပါနှင့်။

  စက်ချွတ်ယွင်းခြင်း (သို့) စက်ပျက်ခြင်းဖြစ်ပွားလျှင် အသုံးပြုခြင်းကို ချက်ချင်း ရပ်လိုက်ပြီး ပါဝါမီးကြိုးကို ဖြုတ်ထားပါ။ ထို့နောက်စက်ကို ပြုပြင်ရန် အနီးဆုံးဆားဗစ်စင်တာသို့ မေးမြန်းဆက်သွယ်ပါ။

## အရေးကြီးသတိပေးချက် (အဆက်)

### ⚠ သတိပေးချက်

**ထိခိုက်နာကျင်ခြင်း (သို့) ပိုင်ဆိုင်မှု ပစ္စည်းဥစ္စာ ပျက်စီးခြင်း ဖြစ်စေနိုင်ပါသည်။**

**မှန်ကန်သော အသုံးပြုမှု**

- ဤစက်သည် လျှော်စက်ဖြင့်လျှော်၍ရသည်ဟု အညွှန်းစာပါရှိသည့် အဝတ်အထည်များအတွက်သာ သင့်လျော်ပါသည်။
- ဤစက်ကို ရေပူထည့်၍ အသုံးမပြုပါနှင့်။
- ကော်ဇော အစရှိသည်တို့ဖြင့် စက်၏ မျက်နှာပြင်အောက်ခြေအပေါက်များကို ပိတ်ဆို့ခြင်း မဖြစ်ပါစေနှင့်။

**ရေယိုစိမ့်ခြင်းမှ ကာကွယ်ရန်**

- ဤစက်နှင့်ကိုက်ညီသော ရေပိုက်အစုံလိုက် အသစ်များကိုသာ အသုံးပြုပါ။ရေပိုက်အဟောင်းများကို အသုံးမပြုပါနှင့်။
- စက်ကို အသုံးပြုမည့် အချိန်ကြာမည်ဆိုပါက ဘုံပိုင်ခေါင်းကို ပိတ်ထားခဲ့ပါ။

**ထိခိုက်နာကျင်ခြင်းနှင့်အပူလောင်ခြင်းမှကာကွယ်ရန်**

- စက်၏တံခါးဖွင့်ခြင်းနှင့်ပိတ်ခြင်းပြုလုပ်သည့်အခါသင်၏လက်ချောင်း များကိုတံခါးပတ္တာမှဝေးရာတွင်ထားပါ။
- စက်ပေါ်သို့တက်ခြင်းမပြုပါနှင့်။



# ⚠ သတိပေးချက်

- မြင့်မားသည့်အပူချိန်နှင့်လျှော်ဖွတ်ခြင်းပြုလုပ်သည့်အခါရေထုတ်သည့်ပိုက်၊ အဝတ်ထည့်သည့်ကန်၊မှန်တံခါးနှင့် လျှော်ဖွတ်ပြီးသားအဝတ်အထည်များသည်ပူလာသည့်အတွက်သင်အပူလောင်ခြင်းမဖြစ်စေရန်ဂရုစိုက်ပါ။

**စက်နှင့်လျှော်ဖွတ်မည့်အဝတ်အထည်များပျက်စီးခြင်းမှကာကွယ်ရန်**

- မှုလီများတပ်ဆင်နေဆဲဖြစ်သည့်စက်ကိုအသုံးမပြုပါနှင့်။ ထိုသို့မဟုတ်ဘဲအသုံးပြုပါကစက်ကိုလွန်ကဲသောတုန် ခါမှုဖြစ်ပေါ်စေနိုင်ပါသည်။

- ဟင်းရွက်ဆီအများအပြား၊ အလှဆီအစရှိသည့်တို့စွန်းထင်းနေ သောအဝတ်အထည်များကိုလျှော်ဖွတ်ခြင်းမပြုပါနှင့်။ဆီသည် ပူလာပြီးရေယိုစိမ့်မှုကြောင့်တံခါးရှိအလုံပိတ်ရန်သုံးသောရာဘာ ကွင်းကိုပုံပျက်စေနိုင်ပါသည်။




- ရေစိုခံအိပ်ရာခင်းများ(သို့)ရေစိုခံအဝတ်အထည်များကိုလျှော်ဖွတ်ခြင်း၊ဆပ်ပြာစင်စေရန်ရေဖြင့်ဆေးကြောခြင်း (သို့)လှည့်ပတ်ခြင်း မပြုပါနှင့်။ အဝတ်များကိုလှည့်ပတ်နေစဉ်အတွင်းပြင်းထန်သောတုန်ခါမှုဖြစ်ခြင်း(သို့)ကိရိယာ များပြုတ်ကျခြင်းဖြစ်ပါကထိခိုက်အနာတရဖြစ်ခြင်း၊လျှော်စက်၊နံရံ၊ကြမ်းပြင်၊အဝတ်တို့ကို ပျက်စီးစေခြင်း (သို့)ရေ ယိုစိမ့်ခြင်းတို့ဖြစ်စေနိုင်ပါသည်။
  ဥပမာ – မိုးကာအင်္ကျီများ၊ရေစိုနေသောအဝတ်များအစရှိသည်တို့

ဘေးကင်းလုံခြုံရေးဆိုင်ရာကြိုတင်သတိပေးချက်များ

# သင်၏အဝတ်လျှော်စက်ကိုစစ်ဆေးခြင်း



အဝတ်လျှော်ဆပ်ပြာထည့်သည့်အကန့် (စာမျက်နှာ –၁၂)

ထိန်းချုပ်မှုမျက်နှာပြင် (စာမျက်နှာ –၁၀)

တံခါး

တံခါးရှိထည့်သည့်ကန် (လျှော်ဖွတ်ခြင်း/အဝတ်ရေညှစ်၍အခြောက်ခံခြင်း)

တံခါးရှိအလုံပိတ်ရန်သုံးသည့်ရာဘာကွင်း

ပတ္တာ (စက်၏နောက်ကျောဘက်)

ရေစစ်ထုတ်သည့်အပေါက်အဖုံး(စာမျက်နှာ–၂၉)



ရေဝင်ပေါက်(စာမျက်နှာ–၁၈)

ရေထုတ်သည့်ပိုက် (စာမျက်နှာ၁၇၊၁၈)

မူလီများ (စာမျက်နှာ၁၆)

ပါဝါကြိုးနှင့်ပလပ် *

ချိန်ညှိနိုင်သောခြေထောက်များ (စာမျက်နှာ –၁၆)

* ပလပ်၏ပုံသဏ္ဍာန်သည်နေရာဒေသပေါ်မူတည်၍ကွဲပြားပါသည်။

## ပါဝင်သောအပိုပစ္စည်းများ

☐ ချိတ်သည့်ကိရိယာ(စာမျက်နှာ၁၈)



☐ အဖုံး(၄)ခု(စာမျက်နှာ –၁၆)



☐ ရေသွင်းသည့်ပိုက် (စာမျက်နှာ ၁၇၊၁၈)



☐ အောက်ခံပြား(စာမျက်နှာ –၁၅)



# အဝတ်လျှော်ခြင်းမပြုမီ

## အသုံးမပြုမီစစ်ဆေးခြင်း

ပထမဆုံးအကြိမ်အသုံးပြုသည့်အခါ(သို့)အသုံးမပြုသည့်အချိန်ကြာနေပြီဆိုပါကအောက်ပါတို့ကိုစစ်ဆေးပါ။

- ● ရေသွင်းသည့်ပိုက်နှင့်ရေထုတ်သည့်ပိုက်တို့ကိုကောင်းမွန်သေချာစွာချိတ်ဆက်ထားသည်။ (စာမျက်နှာ – ၃၇၊၃၈)
- ● ရေဘုံပိုင်ခေါင်းဖွင့်သည့်အခါချိတ်ဆက်ထားသောရေသွင်းပိုက်တွင်မည်သည့်ပြဿနာမှမရှိပါ။
- ● ပါဝါပလပ်တပ်ထားသည်။

## ပထမဆုံးအသုံးမပြုမီ

ကုန်ပစ္စည်းများပို့ဆောင်မှုမပြုမီစက်ရုံစစ်ဆေးမှုလုပ်ငန်းစဉ်ကြောင့်ဤစက်တွင် ငွေ့ရည်ဖွဲ့ခြင်း(သို့)ရေစက်များရှိနေနိုင်ပါသည်။ကျန်ရှိနေသောမည်သည့်အကြွင်းအကျန်ကိုမဆိုရေဆေးပစ်၍အောက်ပါအတိုင်းလည်ပတ်ပါ။

–"ချည်ထည်" ပရိုဂရမ်

–မူလသတ်မှတ်ထားသောချိန်ညှိမှု၄၀ဒီဂရီစင်တီဂရိတ်

–အဝတ်လျှော်ဆပ်ပြာထည့်ထားခြင်းမရှိ၊အဝတ်အထည်ထည့်ခြင်းမရှိသည့်အခြေအနေ

## လျှော်ရမည့်အဝတ်အထည်များကိုအသင့်ပြင်ဆင်ခြင်း

အဝတ်အထည်များ၏အညွှန်းစာများကိုဖတ်ပြီး၄င်းအဝတ်အထည်များကိုအရောင်၊အထည်၏အသားနှင့်စွန်းထင်းပေကျံမှုအတိုင်းအတာတို့ကိုကြည့်၍အမျိုးအစားခွဲပါ။ထိုသို့ပြုလုပ်ခြင်းသည်သင့်ကိုသင့်လျော်သောပရိုဂရမ်နှင့်အပူချိန်ကိုရွေးချယ်ရန်ကူညီပါသည်။

■ **စွန်းထင်းနေသောအရာများ**

- ● မည်သည့်အစွန်းအထင်းကိုမဆိုအစွန်းချွတ်ဆေးဖြင့်ဖယ်ရှားပါ။
- ● "Stain Master" ပရိုဂရမ်များကိုအစွန်းများဖယ်ရှားရန်အတွက်စာမျက်နှာ ၁၇တွင်အကြံပြုထားပါသည်။ (မော်ဒယ်နံပါတ်– 120VX6/129VX6အတွက်သာ)

■ **အမျိုးအစားခွဲခြင်း**

- ● အရောင်လွင့်လွယ်သည့်အဝတ်အထည်များကိုသီးခြားစွာလျှော်ပါ။ (အပြာရောင်ချည်ကြမ်းထည်၊အနက်ရောင်ရှိသောအဝတ်အထည်များအစရှိသည်)

■ **အဝတ်ထည့်သည့်ကန်ထဲတွင်အဝတ်များကိုမထည့်မီ**

အဝတ်အထည်များပျက်စီးခြင်း(သို့)စက်ချွတ်ယွင်းခြင်းမှကာကွယ်ရန်အောက်ဖော်ပြပါအဆင့်များအတိုင်းပြုလုပ်ပါ။

- ● အခြားသောမသက်ဆိုင်သည့်ပြင်ပအရာဝတ္ထုများ(အကြွေစေ့များ၊ ပင်အပ်များ၊ကလစ်များ၊သံများ)ကိုလျှော်ဖွတ်မည့်အဝတ်များမှဖယ်ထုတ်ပါ။




- ● ရှေ့ဖုံးခါးစည်းများအစရှိသည်တို့ပေါ်တွင်ကြိုးများကိုချည်ပါ။
- ● အထည်သားအရည်အသွေးမြင့်သောအဝတ်အထည် : အတွင်းပိုင်းကိုလှည့်ပါ။
- ● ဇစ်ပါသောအဝတ်အထည် : ဇစ်ကိုအပေါ်သို့ဆွဲ၍အတွင်းပိုင်းကိုလှည့်ပါ။
- ● သေးငယ်သောအရာများ၊ဘရာဇီယာများနှင့်ဇာထည်များ : အဝတ်လျှော်အိတ်ထဲသို့ထည့်ပါ။



- ● အဝတ်လျှော်ခြင်းမပြုမီ ဆံပင်မွှေး၊တိရစ္ဆာန်အမွှေး၊သဲအစရှိသည်တို့ကိုဖယ်ထုတ်ပါ။
- ● များပြားသောဖုန်အညစ်အကြေး (သို့) များပြားသောအစွန်းအထင်းများ : ပထမဦးဆုံးလက်ဖြင့်ညင်သာစွာပွတ်၍လျှော်ဖွတ်ပါ။

# ထိန်းချုပ်မှုမျက်နှာပြင်

## ထိန်းချုပ်မှု




၁. ပါဝါခလုတ် [ Power ⏻ ]

၂. စတင်ခြင်း/ရပ်ခြင်းပြုလုပ်သည့်ခလုတ် [Start^Pause]

စက်အားစတင်ခြင်း/ရပ်ခြင်းအသုံးပြုရန်။

၃. ပရိုဂရမ်ရွေးချယ်သည့်ခလုတ် [Start^Pause]

အဝတ်လျှော်ရန်အတွက်သင့်တော်သည့်ပရိုဂရမ် ကိုရွေးချယ်ရန်ဤဒိုင်ခွက်ကိုလှည့်ပါ။ (စာမျက်နှာ – ၁၆)

၄. ထိန်းချုပ်ခလုတ်များ

အဝတ်လျှော်ရန်သတ်မှတ်ထားသောချိန်ညှိမှုကိုပြောင်းရန် (သို့) ရွေးချယ်၍ရသောဖန်ရှင်များကိုရွေးချယ်ရန်

| | |
|---|---|
| | ရေအပူချိန် (စာမျက်နှာ – ၂၂)<br>ကလေးများအန္တရာယ်ကင်းစေရန် လော့ခ်ချသည့်ခလုတ်*၁ (စာမျက်နှာ– ၂၆) |
| | လှည့်ပတ်နှုန်း (စာမျက်နှာ – ၂၃) |
| | မုဒ် [MODE] (စာမျက်နှာ– ၂၄) |
| | ကြိုတင်ချိန်ညှိခြင်း (စာမျက်နှာ – ၂၃) |
| | ကြိုတင်လျှော်ဖွတ်ခြင်း (စာမျက်နှာ– ၂၅) |
| | ရေဖြင့်နှံ့စပ်စွာဆေးကြောခြင်း (စာမျက်နှာ– ၂၅) |
| | ရေမျက်နှာပြင်အနိမ့်အမြင့် (စာမျက်နှာ– ၂၂) |
| | အပြာရောင် Ag + (စာမျက်နှာ – ၂၅) |

၅. ပုံဖော်မျက်နှာပြင် (စာမျက်နှာ–၁၁)

*၁ ကလေးများဘေးအန္တရာယ်ကင်းစေရန်လော့ခ်ချသည့်ခလုတ်တံခါးနှင့်အခြားသောခလုတ်များကိုလော့ခ်ချရန်ဤခလုတ်ကိုဖိ၍အနည်းဆုံး၅စက္ကန့်ကိုင်ထားပါ။

**မှတ်ချက်**

● ပါဝါပိတ်သည့်အခါ "ပါဝါ" ခလုတ်ကိုနှိပ်ပြီးနောက်ပါဝါပြန်ဖွင့်ခြင်းမပြုမီပုံဖော်မျက်နှာပြင်လုံးဝပိတ်ထားကြောင်းသေချာပါစေ။




● အကယ်၍စက်ကိုပါဝါဖွင့်ထားသည့်အချိန် ၁၀မိနစ်အတွင်းတွင် "Start/Pause" ခလုတ်ကိုမနှိပ်ပါကစက်သည်အလိုအလျောက်ပိတ်သွားပါမည်။

# ပုံဖော်မျက်နှာပြင်

ဤသရုပ်ဖော်ပုံသည်ညွှန်ပြချက်အားလုံးကိုရှင်းပြရန် ရည်ရွယ်ပါသည်။




၁. လော့ခ်ချခြင်း

: တံခါးကိုလော့ခ်ချသည်

: တံခါးနှင့်ခလုတ်များကိုလော့ခ်ချသည်(ကလေးများအန္တရာယ်ကင်းစေရန်လော့ခ်ချသည့်ခလုတ်)

၂. လုပ်ငန်းစဉ်

အချက်ပြမီးတစ်ခုစီသည် လက်ရှိလုပ်ဆောင်နေသည့်လုပ်ငန်းစဉ်ကိုပြရန်လင်းပါသည်။ထို့နောက်လုပ်ဆောင်နေသည့်လုပ်ငန်းစဉ်ပြီးဆုံးသွားသောအခါအချက်ပြမီးပိတ်သွားပါသည်။

| | |
|---|---|
| | အဝတ်လျှော်ခြင်း |
| | ရေဖြင့်ဆေးကြောခြင်း |
| | ပတ်ချာလည်လှည့်ခြင်း |

၃. ကြိုတင်ချိန်ညှိခြင်း

(စာမျက်နှာ – ၂၃)

၄. ရေမျက်နှာပြင်အနိမ့်အမြင့်

၅. အီကိုနာဗီ မီးအိမ်

“အီကိုနာဗီ” အစီအစဉ်ကိုရွေးချယ်ထားသည့်အခါမီးလင်းနေမည်။ အီကိုနာဗီ အားရာဖွေထောက်လှမ်းနေစဉ်တွင်မီးသည်မှိတ်ချည်လင်းချည်ဖြစ်နေမည်။ (စာမျက်နှာ – ၂၁)

၆. ရေအပူချိန်

၇. လှည့်ပတ်နှုန်း

၈. ကျန်ရှိသောအချိန်

ဤအညွှန်းသည်စက်လည်ပတ်မှုပြီးဆုံးသွားသည့်တိုင်အောင်အချိန်ခန့်မှန်းခြေကိုပြပါသည်။

**ပုံဖော်မျက်နှာပြင်တွင်အမှားပြခြင်း**

အကယ်၍စက်ချွတ်ယွင်းနေလျှင်စက်၏ပုံဖော်မျက်နှာပြင်တွင်အမှားပြပါသည်။ (စာမျက်နှာ –၃၃)




(ဥပမာ. U11)

၉. အခြားသောအပိုလုပ်ဆောင်ချက်များ

ရွေးချယ်ထားသည့် အခြားသောအပိုလုပ်ဆောင်ချက်များကိုပြသထားပါသည်။ (စာမျက်နှာ – ၂၄၊ ၂၅)

**မှတ်ချက်**

- လုပ်ငန်းလည်ပတ်စဉ်ပါဝါပြတ်တောက်မှုဖြစ်ပေါ်ပါကစက်သည်ပါဝါပြန်လည်ရရှိသည့်အခါ လုပ်ငန်းစဉ်အားပြတ်တောက်သွားသည့်နေရာမှဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်။(အလိုအလျောက်ပြန်လည်စတင်ခြင်း)

အသုံးပြုခြင်း

# အဝတ်လျှော်ဆပ်ပြာ

- "စတင်ခြင်း/ရပ်ခြင်း" ပြုလုပ်သည့်ခလုတ်ကိုမနှိပ်မီအဝတ်လျှော်ဆပ်ပြာကိုထည့်ပါ။
- ရေအမျိုးအစားနှင့်စွန်းထင်းပေကျံမှုအတိုင်းအတာ ၊လျှော်ဖွတ်ရမည့်အဝတ်အထည်ပမာဏတို့အပေါ်မူတည်၍ဆပ်ပြာပမာဏမည်မျှထည့်ရမည်ကို သိရှိရန်ဆပ်ပြာအထုပ်ရှိလမ်းညွှန်ချက်များကိုဖတ်ပါ။

## အဝတ်လျှော်ဆပ်ပြာ၊ရေစေးမှုရေသွက်ဖြစ်စေရန်ပြုလုပ်ပေးသည့်အရာ

- အဝတ်လျှော်စက်၏ကန်ကိုသန့်ရှင်းရေးပြုလုပ်ရာတွင်အသုံးပြုသည့်ဆပ်ပြာကိုသုံးမည်ဆိုပါကဤအကန့် ထဲသို့ထည့်ပါ။(စာမျက်နှာ – ၂၈)

## အဝတ်လျှော်သည့်အခါ အထည်သားနူးညံ့စေရန် အသုံးပြုသည့်ဆပ်ပြာအမွှေးရည်

အဝတ်ကိုစက်ထဲတွင်နောက်ဆုံးအကြိမ်ရေဖြင့် ဆေးကြောနေစဉ်အတွင်းအလိုအလျောက် အဝတ်ပေါ်သို့ဆပ်ပြာအမွှေးရည်များကျပါလိမ့် မည်။

- အများဆုံး (၁၃၀မီလီတာ)ထက်ပို၍မကျပါ စေနှင့်။




အမြှုပ်ထုတ်သည့်အရာ

## ကြိုတင်လျှော်ဖွတ်ရန်ဆပ်ပြာ

"ကြိုတင်လျှော်ဖွတ်ခြင်း"ဖန်ရှင်ကိုအသုံးပြုသည့်အခါ (စာမျက်နှာ ၂၄)



ဆပ်ပြာထည့်သည့်အကန့်



**သတိပေးချက်**

**ဆပ်ပြာထည့်သည့်အကန့်ဖြုတ်ထားသောအဝတ်လျှော်စက်ကိုအသုံး မပြုပါနှင့်။**
ရေယိုစိမ့်ပါလိမ့်မည်။

## အဝတ်လျှော်ဆပ်ပြာမှုန့်

အမြှုပ်နည်းသောဆပ်ပြာကိုအသုံးပြုပါ။

- ဆပ်ပြာထည့်သည့်အကန့်ထဲတွင်ဆပ်ပြာမှုန့်ကျန်ရှိနေခြင်းမဖြစ်စေရန်
  - ဆပ်ပြာထည့်သည့်အကန့်၏အတွင်းပိုင်းကိုခြောက်သွေ့စေရန်အဝတ်ဖြင့်သုတ်ပါ။
  - အခဲဖြစ်နေသောဆပ်ပြာကိုအမှုန့်ဖြစ်စေရန်ချေပစ်ပါ။

  အကယ်၍ဆပ်ပြာမှုန့်များဆပ်ပြာထည့်သည့်အကန့်ထဲတွင်ကျန်နေသေးလျှင်၎င်းအကန့်ထဲသို့ဆပ်ပြာထည့်မည့်အစားအဝတ်ကန်ထဲသို့တိုက်ရိုက်ထည့်ပါ။
- လျှော်ဖွတ်ခြင်းမစတင်မီဆပ်ပြာမှုန့်ထည့်ရန်မေ့သွားခဲ့လျှင်အဝတ်ကန်ထဲမှရေများကိုထုတ်၍နောက်ထပ်တစ်ကြိမ်ပြန်လည်စတင်ပါ။

**မှတ်ချက်**

- **အကယ်၍ဆပ်ပြာအထုပ်ထဲရှိလမ်းညွှန်ချက်များတွင်ဆပ်ပြာမှုန့်ကိုအဝတ်ကန်ထဲသို့တိုက်ရိုက်ထည့်သင့်သည်ဟုအကြံပြုဖော်ပြထားပါကဆပ်ပြာမှုန့်ကိုဆပ်ပြာထည့်သည့်အကန့်ထဲသို့မထည့်ပါနှင့်။**
  ဆပ်ပြာမှုန့်များကောင်းစွာကျဆင်းခြင်းမရှိဘဲအချို့ဆပ်ပြာမှုန့်များသည်ဆပ်ပြာထည့်သည့်အကန့်ထဲတွင်ကျန်ရှိနေနိုင်သည့်အတွက်၎င်းအကန့်မှရေများပြည့်လျှံခြင်းကိုဖြစ်စေနိုင်ပါသည်။
- **အမြှုပ်ထုတ်သည့်ကိရိယာထဲသို့ဆပ်ပြာမှုန့်မထည့်ပါနှင့်။**

### ■ ဆပ်ပြာရည်စိမ်ခြင်း

- ဆပ်ပြာရည်စိမ်ရန်နှင့်လျှော်ဖွတ်ရန်မတူညီသောဆပ်ပြာကိုအသုံးပြုရန်လိုအပ်ပါသည်။
- လျှော်ဖွတ်ရန်အတွက်ဆပ်ပြာမှုန့်ကိုအသုံးပြုပါ။ဆပ်ပြာရည်စိမ်ပြီးသည့်အခါတွင်ဆပ်ပြာရည်များကိုသွန်ထုတ်ပစ်ပါ။

## ရေစေးမှရေသွက်ဖြစ်စေရန်ပြုလုပ်သည့်အရာ

အကယ်၍သင်အသုံးပြုသည့်ရေသည်ရေစေးဖြစ်ပါက(၁.၃မီလီမိုးလ်/လီတာခန့်စေးနေပါက(သို့)ထိုထက်ပို၍စေးနေပါကသင်သည်ရေစေးမှရေသွက်ဖြစ်စေရန်ပြုလုပ်ပေးသည့်အရာကိုအသုံးပြုသင့်သည်။ထိုအရာသည်လိုအပ်သောဆပ်ပြာပမာဏကိုလျှော့ချပေးပြီးစက်ကိုထိခိုက်ပျက်စီးနိုင်စေသည့်ရေဂျိုးများတက်ခြင်းမဖြစ်စေရန်ကာကွယ်ပေးပါသည်။

**မှတ်ချက်**

- အကယ်၍ရေသည်ရေစေးဖြစ်နေပါကသင်၏အနီးအနားတွင်ရှိသောကျွမ်းကျင်သူတစ်ဦးဦးထံဆက်သွယ်ပါ။

## အဝတ်သားနူးညံ့စေရန်ပြုလုပ်သည့်အရည်

လျှော်ဖွတ်ပြီးသားအဝတ်အထည်များကိုတွန့်ကြေခြင်းမဖြစ်စေရန်ကာကွယ်ပါ။

- အကယ်၍အဝတ်လျှော်ပြီးသည့်နောက်အထည်သားနူးညံ့စေရန်ပြုလုပ်ပေးသည့်အရည်သည်ဆပ်ပြာထည့်သည့်အကန့်ထဲတွင်ကျန်ရှိနေသေးလျှင်ထိုအကန့်ထဲသို့ထပ်မံလောင်းထည့်ခြင်းမပြုမီထိုအရည်အားရေရောပါ။(အများဆုံးဝင်ဆံ့သောပမာဏထက်ကျော်လွန်ခြင်းမဖြစ်ပါစေနှင့်။)
  ဆပ်ပြာထည့်သည့်အကန့်ထဲတွင်ကျန်ရှိနေသောအထည်သားနူးညံ့စေရန်ပြုလုပ်ပေးသည့်အရည် : သင်သည်ထိုအရည်ကိုအဝတ်စိုဖြင့်သုတ်ပစ်နိုင်ပါသည်။



# လျှော်ဖွတ်ခြင်း (အခြေခံနည်းလမ်း)




မူလသတ်မှတ်ထားသောချိန်ညှိမှုများကိုပြောင်းခြင်း၊
အခြားသောအပိုလုပ်ဆောင်ချက်များကိုအသုံးပြုခြင်း

**မှတ်ချက်**

- **အဝတ်လျှော်စက်၏တံခါးတွင်အဝတ်အထည်များညပ်နေခြင်း မဖြစ်ပါစေနှင့်။**
  ထိုသို့မဟုတ်ဘဲအဝတ်အထည်များညပ်နေပါကတံခါးရှိအလုံပိတ်ရန် သုံးသည့်ရာဘာကွင်းကိုပျက်စီးစေနိုင်ပါသည်။



- **အဝတ်ကန်ထဲသို့များပြားလှသောပမာဏရှိသည့်အဝတ်အထည်များ ထည့်ခြင်းမပြုပါနှင့်။**
  လွန်ကဲသောတုန်ခါမှု(သို့)စက်ကိုထိခိုက်ပျက်စီးခြင်းဖြစ်စေနိုင်ပါသည်။



## ■ အဝတ်လျှော်စက်ကိုအသုံးပြုနေစဉ်အတွင်း တံခါးဖွင့်ခြင်း

(အဝတ်လျှော်စက်ကိုအသုံးပြုနေစဉ်အတွင်းတံခါး လော့ခ်ကျနေသည်။)




**"Pause" ကိုနှိပ်ပါ။**

(ချက်ကနဲမြည်သံကြားရသည်အထိလော့ခ် ချထားသည်ကိုဖွင့်ပါ။)

- အဝတ်လျှော်စက်ကိုအသုံးပြု၍အဝတ်များလျှော်သည့် အခါအဝတ်ကန်ထဲရှိအဝတ်များလှည့်ပတ်ချိန်သည် ရပ်တန့်ရန် ၁ မိနစ်ခန့်ကြာပါသည်။

## ■ ပြင်ဆင်ခြင်း

- လျှော်ဖွတ်မည့်အဝတ်အထည်များကိုအမျိုးအစားခွဲ၍အဝတ်ကန်ထဲသို့ထည့်ပါ။(စာမျက်နှာ –၉)
- ဆပ်ပြာထပ်ထည့်ပါ။ (စာမျက်နှာ –၁၂)

Power

၁ ပါဝါဖွင့်ပါ။

၂ ပရိုဂရမ်ကိုရွေးပါ။ (စာမျက်နှာ–၁၆၊၁၇)

လိုအပ်သောအချိန်ကိုပြထားပါသည်။

■ မူလသတ်မှတ်ထားသောချိန်ညှိမှုကိုပြောင်းခြင်း

■ အခြားသောအပိုဖန်ရှင်များကိုအသုံးပြုခြင်း

Start/Pause

၃ ဤခလုတ်ကိုနှိပ်၍လုပ်ဆောင်ချက်ကိုစတင်ပါ။

- အလေးချိန် ချိန်တွယ်ခြင်း (စက္ကန့်၃၀ခန့်)

(အလေးချိန် ချိန်တွယ်ခြင်းကိုပြသည့်မျက်နှာပြင်)

အချို့ပရိုဂရမ်များသည်အဝတ်အထည်များကိုအလေးချိန် ချိန်တွယ်ခြင်းမလုပ်ပါ။

- လိုအပ်သည့်အချိန် ပြသခြင်း (ပြန်လည်တွက်ချက်မှု)

0:57 (ဥပမာ.)

**စက်၏လုပ်ဆောင်ချက်ပြီးဆုံးသွားသည့်အခါ**

(တတီတီမြည်သံထွက်ပေါ်လာပြီးတံခါးလော့ခ်ပွင့်သွားသည်။)

**မှတ်ချက်**

- အဝတ်အထည်များရှိအရောင်များသည်စွန်းသွားနိုင်သည့်အတွက် ပရိုဂရမ်ပြီးဆုံးပြီးနောက်တွင်အရောင်ရှိသောအဝတ်အထည်များကိုဖယ်ထုတ်ပါ။

### မူလသတ်မှတ်ထားသောချိန်ညှိမှုကိုပြောင်းခြင်း

ပရိုဂရမ်တစ်ခုကိုရွေးချယ်ပြီးနောက်သင်သည်အောက်ဖော်ပြပါအတိုင်းချိန်ညှိမှုများကိုပြောင်းလဲနိုင်ပါသည်။

Water Temp — ရေအပူချိန် (စာမျက်နှာ – ၂၂)

Spin Speed — လှည့်ပတ်နှုန်း(စာမျက်နှာ ၂၃)

Preset — အချိန်ကိုကြိုတင်ချိန်ညှိခြင်း(စာမျက်နှာ – ၂၃)

Water Leve — ရေမျက်နှာပြင်အနိမ့်အမြင့်(စာမျက်နှာ – ၂၂)

### အခြားသောအပိုဖန်ရှင်များကိုအသုံးပြုခြင်း

ပရိုဂရမ် တစ်ခုကိုရွေးချယ်ပြီးနောက်အောက်ဖော်ပြပါအပိုဖန်ရှင်များကိုပြုလုပ်နိုင်ပါသည်။

Mode — မုဒ် **[Mode]**(စာမျက်နှာ – ၂၄) (အဝတ်လျှော်ခြင်း(သို့)ရေစင်စေရန်စက်ထဲတွင်အဝတ်များကိုပတ်ချာလည်လှည့်ခြင်းလုပ်ငန်းစဉ်တို့ကိုရွေးချယ်ပြီးပြုလုပ်သည်။)

Prewash — ဆပ်ပြာရည်စိမ်ခြင်း(စာမျက်နှာ – ၂၅)

Extra Rinse — ပုံမှန်ထက်ပို၍ရေဖြင့်နှစ်ဆေးကြောခြင်း (စာမျက်နှာ– ၂၅)

Blue $Ag^+$ — အပြာရောင် $Ag^+$ (စာမျက်နှာ – ၂၁၊၂၅)

**မှတ်ချက်**

- သင်ပြောင်းလဲနိုင်သောချိန်ညှိချက်များနှင့်သင်ထည့်နိုင်သည့်အခြားသောအပိုလုပ်ဆောင်ချက်များသည်ပရိုဂရမ် ပေါ်မူတည်၍ကွဲပြားပါသည်။(စာမျက်နှာ –၁၈)

# ပရိုဂရမ်ပြဇယား

| ပရိုဂရမ် | ဖော်ပြချက် | အများဆုံးပမာဏ(ကီလိုဂရမ်) | | အချိန် *၁ | |
|---|---|---|---|---|---|
| | | 120VX6 120VG6 | 129VX6 129VG6 | 120VX6 120VG6 | 129VX6 129VG6 |
| ချည်ထည် | ချည်ထည်၊လီနင်နှင့်ချည်ရောစပ်ထားသောအဝတ်အထည်များ<br>ဥပမာ–တီရှပ်၊အတွင်းခံ၊သဘက်နှင့်စားပွဲခင်း | ၁၀.၀ | ၉.၀ | ၀:၅၇–၁:၁၇ | ၀:၅၇–၁:၁၇ |
| အီကိုချည်ထည် | အချိန်ရှည်ကြာသည်။သို့ရာတွင်ချည်ထည်ပရိုဂရမ်ထက်ရေနှင့်စွမ်းအင်သုံးစွဲမှုလျော့နည်းသည်။ | ၁၀.၀ | ၉.၀ | ၁:၀၀–၁:၂၀ | ၁:၀၀–၁:၂၀ |
| လူ့လုပ်အထည်များ *၂ | ဓာတုအမျှင်များကိုညင်သာစွာလျှော်ပါ။ | ၅.၀ | ၅.၀ | ၀:၅၃ | ၀:၅၃ |
| နူးညံ့သောအထည်များ *၂ | အတွင်းခံနှင့်စက်ဖြင့်လျှော်၍ရသောပိုးထည်များအတွက်ဖြစ်ပါသည်။သိုးမွှေးပရိုဂရမ်ထက်ပို၍နူးညံ့ပါသည်။ | ၂.၀ | ၂.၀ | ၀:၄၁ | ၀:၄၁ |
| ဆပ်ပြာရည်စိမ်ခြင်း | အစွန်းအထင်းများစွာပေကျံနေသောအဝတ်အထည်များအတွက် | ၅.၀ | ၅.၀ | ၁:၄၇ | ၁:၄၇ |
| ရောနှောခြင်း | ရောနှောထားသောအထည်များ<br>ဥပမာ–ချည်၊လီနင်နှင့်ဓာတုနည်းလမ်းဖြင့်ပြုလုပ်ထားသောအမျှင်များ | ၁၀.၀ | ၉.၀ | ၁:၁၂–၁:၄၇ | ၁:၁၂–၁:၄၇ |
| အိပ်ရာခင်း *၂ | စောင်များ၊လိုက်ကာများနှင့်အိပ်ရာခင်းကဲ့သို့သောကြီးမားသည့်အရာများ | ၃.၀ | ၃.၀ | ၁:၂၁ | ၁:၂၁ |
| သိုးမွှေး *၂ | သိုးမွှေးရောနှောထားသည့်အဝတ်အထည်များနှင့်စက်ဖြင့်လျှော်၍ရသောအဝတ်၊လက်ဖြင့်လျှော်၍ရသောအဝတ်တို့ကိုညင်သာစွာလျှော်ပါ။ | ၂.၀ | ၂.၀ | ၀:၄၀ | ၀:၄၀ |
| ရှပ်အင်္ကျီများ *၂ | ရှပ်အင်္ကျီများနှင့်အမျိုးသမီးဝတ်ဘလောက်စ်အင်္ကျီများအတွက် | ၂.၀ | ၂.၀ | ၁:၁၁ | ၁:၁၁ |
| ရေထုတ်ခြင်း | အဝတ်ကန်အပြင်ဘက်သို့ရေထုတ်ပါ။ | အဝတ်မရှိ | | ၀:၀၂ | ၀:၀၂ |

မှတ်ချက်

- အပူချိန်၊ရေဖိအား၊ရေထုတ်သည့်အခြေအနေနှင့်အဝတ်အရွယ်အစားတို့အပေါ်မူတည်၍လိုအပ်သည့်အချိန်အမျိုးမျိုးကွဲပြားပါသည်။

<table>
<tr><th rowspan="2">ပရိုဂရမ်</th><th rowspan="2" colspan="2">ဖော်ပြချက်</th><th colspan="2">အများဆုံးပမာဏ(ကီလိုဂရမ်)</th><th colspan="2">အချိန် *၁</th></tr>
<tr><th>120VX6<br>120VG6</th><th>129VX6<br>129VG6</th><th>120VX6<br>120VG6</th><th>129VX6<br>129VG6</th></tr>
<tr><td>ECONAVI</td><td colspan="2">ဖိုင်ဘာအရောအနှောပစ္စည်းများ ဥပမာ – ချည်သား၊ပိတ်ချော သားနှင့်လူလုပ်ဖိုင်ဘာသားအဝတ်များအတွက်(အသေးစိတ်ကိုစာမျက်နှာ – ၂၁တွင်ကြည့်ပါ။)</td><td>၁၀.၀</td><td>၉.၀</td><td>၁:၁၈–<br>၂:၂၃</td><td>၁:၁၈–<br>၂:၂၃</td></tr>
<tr><td>ထိရောက်သော မြန်နှုန်း</td><td colspan="2">အဝတ်ပမာဏအနည်းငယ်ဖြင့်ချည်ထည်ပရိုဂရမ်ထက် လျှော်ဖွတ်ခြင်းပို၍မြန်သည်။</td><td>၅.၀</td><td>၅.၀</td><td>၀:၄၉</td><td>၀:၄၉</td></tr>
<tr><td>အမြန်၃၀ *၂</td><td colspan="2">လီနင် ရောနှောထားသောချည်နှင့်အစွန်းအထင်းအနည်းငယ် ပေနေသောချည်ထည်တို့ကို၃၀မိနစ်အတွင်းအမြန်သည်။</td><td>၅.၀</td><td>၅.၀</td><td>၀:၃၀</td><td>၀:၃၀</td></tr>
<tr><td>အမြန်၁၅ *၂</td><td colspan="2">အစွန်းအထင်းအနည်းငယ်ပေနေသောအဝတ်ပမာဏ အနည်းငယ်ကို ၁၅မိနစ်အတွင်းအမြန်လျှော်သည်။</td><td>၂.၀</td><td>၂.၀</td><td>၀:၁၅</td><td>၀:၁၅</td></tr>
<tr><td>တစ်ကိုယ်ရည် သန့်ရှင်းခြင်း</td><td colspan="2">နို့စို့ကလေးငယ်များ၏အဝတ်များ၊စားပွဲခင်းများနှင့်အိပ်ရာခင်းများကိုလျှော်ဖွတ်သည်။</td><td>၁၀.၀</td><td>၉.၀</td><td>၁:၄၃–<br>၁:၅၈</td><td>၁:၄၃–<br>၁:၅၈</td></tr>
<tr><td>အဝတ်ကန်ကို သန့်ရှင်းခြင်း</td><td colspan="2">အဝတ်ကန်ကိုသန့်ရှင်းရေးပြုလုပ်သည်။</td><td colspan="2">အဝတ်အထည်မရှိ</td><td>၃:၃၆</td><td>၃:၃၆</td></tr>
<tr><td rowspan="3">အစွန်းအထင်းဖယ်ရှားပေးသည့်အရည်<br>အစွန်းအထင်းများကိုဖယ်ရှားရန်အတွက်သင့်လျော်သည်။</td><td>ရွှံ့</td><td>ရွှံ့ရာများအတွက်</td><td>၁၀.၀</td><td>၉.၀</td><td>၂:၂၇–<br>၃:၁၂</td><td>၂:၂၇–<br>၃:၁၂</td></tr>
<tr><td>အဆီပြန်ငံပြာရည်</td><td>အဆီပြန်ငံပြာရည်အစွန်းအထင်းများအတွက်</td><td>၁၀.၀</td><td>၉.၀</td><td>၂:၀၇–<br>၂:၄၇</td><td>၂:၀၇–<br>၂:၄၇</td></tr>
<tr><td>အင်္ကျီကော်လာနှင့် လက်မောင်းနေရာ</td><td>အင်္ကျီကော်လာနှင့်လက်မောင်း နေရာရှိအစွန်းများအတွက်</td><td>၁၀.၀</td><td>၉.၀</td><td>၂:၁၇–<br>၃:၀၂</td><td>၂:၁၇–<br>၃:၀၂</td></tr>
</table>

*၁ ပရိုဂရမ်တစ်ခုစီ၏မူလရေအပူချိန် အတွက်

*၂ “စတင်ခြင်း/ရပ်ခြင်း”ပြုလုပ်သည့်ခလုတ်ကိုနှိပ်ပြီးနောက်အဝတ်အထည်များကိုအလေးချိန်ချိန်တွယ်ခြင်းမပြုပါ။စက်လည်ပတ်ခြင်းကိုချက်ချင်း စတင်သည်။

# ပရိုဂရမ်များအကြောင်းအသေးစိတ်

| ချိန်ညှိချက်များ / ပရိုဂရမ် | ရရှိနိုင်သောမော်ဒယ် | | အလိုအလျောက်ချိန်ညှိချက် | | | | |
|---|---|---|---|---|---|---|---|
| | 120VX6<br>129VX6 | 120VG6<br>129VG6 | ရေအပူချိန်(ဒီဂရီစင်တီဂရိတ်) *၁ | ရေမျက်နှာပြင် | ပတ်ချာလည်လှည့်ပတ်မှုမြန်နှုန်း(နှုန်း/မိနစ်) | ရေအပူချိန်(ဒီဂရီစင်တီဂရိတ်)*၁ | |
| ချည်ထည် | ✓ | ✓ | ၄၀ | H | ၉၀၀ | အအေးဓာတ်၊၂၀၊၄၀၊၅၀၊၆၀ | |
| အီကိုချည်ထည် | ✓ | ✓ | ၄၀ | H | ၁၂၀၀ | အအေးဓာတ်၊၂၀၊၄၀၊၅၀၊၆၀ | |
| လူလုပ်အကျီ | ✓ | ✓ | ၃၀ | M | ၇၀၀ | အအေးဓာတ်၊၂၀၊၄၀ | |
| နူးညံ့သောအဝတ်အထည် | ✓ | ✓ | ၃၀ | H | ၅၀၀ | အအေးဓာတ်၊၂၀၊၄၀ | |
| ဆပ်ပြာရည်စိမ်ခြင်း | ✓ | ✓ | ၄၀ | H | ၉၀၀ | အအေးဓာတ်၊၂၀၊၄၀ | |
| ရောနှောခြင်း | ✓ | ✓ | ၄၀ | H | ၁၀၀၀ | အအေးဓာတ်၊၂၀၊၄၀ | |
| အိပ်ရာခင်း | ✓ | ✓ | အအေးဓာတ် | H | ၇၀၀ | အအေးဓာတ်၊၂၀ | |
| သိုးမွေး | – | ✓ | အအေးဓာတ် | H | ၅၀၀ | အအေးဓာတ်၊၂၀ | |
| ရုပ်အကျီများ | – | ✓ | ၄၀ | L | ၅၀၀ | အအေးဓာတ်၊၂၀၊၄၀၊၅၀၊၆၀ | |
| ရေထုတ်ခြင်း | – | ✓ | – | – | – | – | |
| ECONAVI | – | ✓ | အအေးဓာတ် | M | ၁၀၀၀ | အအေးဓာတ်၊၂၀၊၄၀၊၅၀၊၆၀ | |
| ထိရောက်သောမြန်နှုန်း | ✓ | ✓ | ၄၀ | M | ၉၀၀ | အအေးဓာတ်၊၂၀၊၄၀ | |
| အမြန်၃၀ | ✓ | ✓ | အအေးဓာတ် | M | ၉၀၀ | မပြောင်းလဲနိုင်ပါ။ | |
| အမြန်၁၅ | ✓ | ✓ | အအေးဓာတ် | M | ၉၀၀ | မပြောင်းလဲနိုင်ပါ။ | |
| တစ်ကိုယ်ရည်သန့်ရှင်းခြင်း | ✓ | ✓ | ၉၀ | H | ၉၀၀ | ၆၀၊၉၀ | |
| အဝတ်ကန်သန့်ရှင်းခြင်း | ✓ | ✓ | ၄၀ | H | ၉၀၀ | မပြောင်းလဲနိုင်ပါ။ | |
| ရွှံ့ | ✓ | – | ၄၀ | H | ၉၀၀ | မပြောင်းလဲနိုင်ပါ။ | |
| ဆီပြန်ငံပြာရည် | ✓ | – | ၄၀ | H | ၉၀၀ | မပြောင်းလဲနိုင်ပါ။ | |
| အကျီကော်လာနှင့်လက်မောင်းနေရာ | ✓ | – | ၄၀ | H | ၉၀၀ | မပြောင်းလဲနိုင်ပါ။ | |

*၁ “အအေးဓာတ်”ကိုရွေးချယ်သည့်အခါအပူချိန်ညွှန်ပြချက်တွင်မည်သည့်အရာမှပြသခြင်းမရှိပါ။

*၂ H: အမြင့်၊ M: အလယ်အလတ်၊L: အနိမ့်။

| ချိန်ညှိချက်အပိုင်းအခြား | | အခြားသောအပိုဖန်ရှင်များ | | | | |
|---|---|---|---|---|---|---|
| ရေမျက်နှာပြင်* ၂ | လည်ပတ်မှုအမြန်နှုန်း | မှုန် | ဆပ်ပြာရည်စိမ်ခြင်း | ပုံမှန်ထက်ပို၍နှစ်မြှုပ်စေခြင်း | အပြာရောင် Ag+(အများဆုံး၁ကီလိုဂရမ်) | အမြှုပ်ထွက်အားကောင်းခြင်း * ၃ |
| အမြင့်၊အလတ်၊အနိမ့် | ၅၀၀၊၇၀၀၊၉၀၀၊၁၀၀၀၊၁၂၀၀ | ✓ | ✓ | ✓ | ✓ | ✓ |
| အမြင့်၊အလတ်၊အနိမ့် | ၅၀၀၊၇၀၀၊၉၀၀၊၁၀၀၀၊၁၂၀၀ | ✓ | ✓ | ✓ | ✓ | ✓ |
| အမြင့်၊အလတ်၊အနိမ့် | ၅၀၀၊၇၀၀၊၉၀၀ | ✓ | ✓ | ✓ | ✓ | ✓ |
| မပြောင်းလဲနိုင်ပါ။ | မပြောင်းလဲနိုင်ပါ။ | ✓ | – | ✓ | ✓ | – |
| အမြင့်၊အလတ် | ၅၀၀၊၇၀၀၊၉၀၀၊၁၀၀၀၊၁၂၀၀ | ✓ | – | ✓ | ✓ | ✓ |
| အမြင့်၊အလတ်၊အနိမ့် | ၅၀၀၊၇၀၀၊၉၀၀၊၁၀၀၀၊၁၂၀၀ | ✓ | ✓ | ✓ | ✓ | ✓ |
| အမြင့်၊အလတ် | ၅၀၀၊၇၀၀ | ✓ | – | ✓ | ✓ | ✓ |
| မပြောင်းလဲနိုင်ပါ။ | မပြောင်းလဲနိုင်ပါ။ | ✓ | – | ✓ | – | – |
| အမြင့်၊အလတ်၊အနိမ့် | ၅၀၀၊၇၀၀ | ✓ | ✓ | ✓ | – | ✓ |
| မပြောင်းလဲနိုင်ပါ။ | မပြောင်းလဲနိုင်ပါ။ | – | – | – | – | – |
| မပြောင်းလဲနိုင်ပါ။ | ၅၀၀၊၁၀၀၀၊၁၂၀၀ | – | – | – | ✓ | ✓ |
| အလတ်၊အနိမ့် | ၅၀၀၊၇၀၀၊၉၀၀၊၁၀၀၀၊၁၂၀၀ | ✓ | – | – | ✓ | ✓ |
| အမြင့်၊အလတ်၊အနိမ့် | ၅၀၀၊၇၀၀၊၉၀၀ | ✓ | – | – | – | ✓ |
| အမြင့်၊အလတ်၊အနိမ့် | ၅၀၀၊၇၀၀၊၉၀၀ | – | – | – | – | ✓ |
| အမြင့်၊အလတ်၊အနိမ့် | ၅၀၀၊၇၀၀၊၉၀၀ | | | ✓ | ✓ | – |
| မပြောင်းလဲနိုင်ပါ။ | မပြောင်းလဲနိုင်ပါ။ | – | – | – | – | – |
| မပြောင်းလဲနိုင်ပါ။ | ၅၀၀၊၇၀၀၊၉၀၀၊၁၀၀၀၊၁၂၀၀ | ✓ | ✓ | ✓ | ✓ | ✓ |
| မပြောင်းလဲနိုင်ပါ။ | ၅၀၀၊၇၀၀၊၉၀၀၊၁၀၀၀၊၁၂၀၀ | ✓ | ✓ | ✓ | ✓ | ✓ |
| မပြောင်းလဲနိုင်ပါ။ | ၅၀၀၊၇၀၀၊၉၀၀၊၁၀၀၀၊၁၂၀၀ | ✓ | ✓ | ✓ | ✓ | ✓ |

*၃ "အပြာရောင်Ag+"သည်မော်ဒယ် 120VX6နှင့်129VX6အတွက်သာဖြစ်သည်။

*၄ "အမြှုပ်ထွက်အားကောင်းခြင်း"ဖန်ရှင်သည်သတ်မှတ်ထားသောပရိုဂရမ်များဖြင့်အလိုအလျောက်အလုပ်လုပ်ပါသည်။

# အဝတ်လျှော်ခြင်းနည်းလမ်းများ

## “သိုးမွှေး”နှင့်“နူးညံ့သောအဝတ်အထည်များ” ပရိုဂရမ်များ

■ **အဝတ်လျှော်ပြုလုပ်သည့်အခါ**

- အဝတ်ကန်ထဲတွင်အဝတ်များကိုတစ်ခုပေါ်တစ်ခုညီညာပြန့်ပြူးစွာထပ်ထားပါ။
- သိုးမွှေးအဝတ်အထည်များအတွက်အားပျော့သည့်ဆပ်ပြာရည်ကိုအသုံးပြုပါ။
- အဝတ်များကိုဆပ်ပြာလုံးဝစင်သွားစေရန်“ပုံမှန်ထက်ပို၍ရေဖြင့်နှံ့စပ်စွာဆေးကြောခြင်း”ဖန်ရှင်ကိုအသုံးပြုပါ။(စာမျက်နှာ–၂၅)

■ **အဝတ်များကိုအခြောက်ခံသည့်အခါ**

- သိုးမွှေးနှင့်နိုင်လွန်အဝတ်များကိုပြန့်ပြူးစွာဖြန့်ထားပါ။
- အဖြူရောင်(သို့)အရောင်ဖျော့သောသိုးမွှေးနှင့်နိုင်လွန်အဝတ်အစားများကိုအရိပ်အာဝါသရှိသည့်နေရာတွင်လှန်းပါ။(တိုက်ရိုက်နေရောင်မှအဝေးတွင်ထားပါ။)
- တီရှပ်များ၊ဘလောက်စ်အင်္ကျီများနှင့်ဘောင်းဘီရှည်များအတွက်အင်္ကျီချိတ်များကိုအသုံးပြုပါ။



■ **အကယ်၍အဝတ်လျှော်စက်နှင့်လျှော်ခြင်းဖြင့်အဝတ်များကျုံ့သွားပါက**

၁ အဝတ်ကိုၤင်း၏မူလအရွယ်အစားအတိုင်းပြန်ဖြစ်စေရန်ၤင်းအဝတ်ကိုမီးပူတိုက်သည့်စင်ပေါ်တွင်ဖြန့်ထားပါ။

၂ အဝတ်၏အရွယ်အစားနှင့်ပုံသဏ္ဌာန်ပျက်သွားခြင်းမဖြစ်စေရန်အင်္ကျီတွင်သုံးသည့်ပင်များကိုအသုံးပြုပါ။

၃ ရေနွေးငွေ့အများအပြားထွက်သည့်မီးပူကိုအသုံးပြု၍အဝတ်ကိုခြောက်သွေ့အောင်ထားပါ။



## “အိပ်ရာခင်း”ပရိုဂရမ်

■ **လျှော်ဖွတ်နိုင်သောအဝတ်များ**

- အညွှန်းစာတွင် (စက်လျှော်)(သို့) (လက်လျှော်) ဟုဖော်ပြထားသောအဝတ်များ
- စောင်များ၊၁၀၀ရာခိုင်နှုန်းဓာတုပစ္စည်းဖြင့်ပြုလုပ်ထားသောအဝတ်များနှင့်၁၀၀ရာခိုင်နှုန်းချည်ဖြင့်ပြုလုပ်ထားသောအဝတ်များ
- အိပ်ရာခင်းများ
- အိပ်ရာစွပ်များ
- အောက်ခံအိပ်ရာခင်း၊၁၀၀ရာခိုင်နှုန်းဓာတုပစ္စည်းဖြင့်ပြုလုပ်ထားသောအဝတ်များ

**မှတ်ချက်**

- တစ်ကြိမ်တွင်အဝတ်တစ်ထည်သာလျှော်နိုင်သည်။
- သိုးမွှေး၊ပိုး(သို့)ရှည်လျားသောသားမွှေးများဖြင့်ပြုလုပ်ထားသောအဝတ်များကိုလျှော်နိုင်ခြင်းမရှိပါ။
- လျှပ်စစ်စောင်များကိုလျှော်နိုင်ခြင်းမရှိပါ။
- အဝတ်ထည့်သည့်အိတ်ကိုအသုံးမပြုပါနှင့်။ (ၤင်းသည်အဝတ်ကန်လည့်ပတ်မှုကိုတားဆီးပါသည်။)

■ **အဝတ်ကန်အတွင်းသို့စောင်များထည့်ခြင်း**





အဝတ်ကန်၏အနောက်ဘက်ရှိနှစ်ဖက်စလုံး၏အစွန်းများ

**မှတ်ချက်**

- စောင်များ(သို့)အိပ်ရာစွပ်များကိုဘောလုံးပုံစံအဖြစ်လုံး၍လျှော်စက်ထဲသို့ထည့်ခြင်း(သို့)ဖြစ်ကတတ်ဆန်းခေါက်၍ထည့်ခြင်းမပြုလုပ်ပါနှင့်။ထိုသို့မဟုတ်ပဲပြုလုပ်ပါကလွန်ကဲသောတုန်ခါမှုဖြစ်၍လျှော်စက်(သို့)အဝတ်များကိုထိခိုက်ပျက်စီးစေနိုင်ပါသည်။

## “အမြှုပ်ထွက်အားကောင်းခြင်း”

ဤပရိုဂရမ်သည်(ချည်၊ဓာတုပိုင်ဘာစသည့်)အထည်များနှင့်လျှော်ရမည့်အဝတ်ပမာဏ၊ရေအပူချိန်များကိုရှာဖွေဖော်ပြပေးသည်။ပြီးနောက်စွမ်းအင်နှင့်ရေကိုသက်သာစေရန်အကောင်းဆုံးသောရေဆေးချိန်နှင့်ရေပမာဏကိုဆုံးဖြတ်ပေးသည်။
အဝတ်ပမာဏအနည်းငယ်ဖြင့်သော်လည်းကောင်း၊ဓာတုပိုင်ဘာကဲ့သို့လွယ်ကူစွာခြောက်သွေ့နိုင်သောအဝတ်ပမာဏများများဖြင့်သော်လည်းကောင်း၊ပိုမိုမြင့်မားသောရေအပူချိန်ဖြင့်သော်လည်းကောင်းအချိန်နှင့်စွမ်းအင်ကိုပိုမိုသက်သာစေနိုင်သည်။

**မှတ်ချက်**

- ခြောက်သွေ့သောပစ္စည်းများကိုသာအဝတ်ထည့်သည့်ကန်ထဲသို့ထည့်ရန်အကြံပြုပါသည်။အကယ်၍စိုနေသောပစ္စည်းအမြောက်အများထည့်ထားပါကအီကိုနာဗီအာရုံခံစနစ်သည်အလုပ်မလုပ်နိုင်ပါ။

## “အပြာရောင်Ag+”(အများဆုံး၃ကီလိုဂရမ်)

(120VX6/129VX6အတွက်သာ)
ဤအင်္ဂါရပ်သည်သင်၏အဝတ်လျှော်ခြင်းကိုပိုးသတ်ပေးပြီးရေဖြင့်ထပ်မံဆေးကြောသည့်အခါတွင် ၄င်းသည်ရေနှင့်ခရမ်းလွန်ရောင်ခြည်(ယူဗွီ) တွင်ပျော်ဝင်နေသောငွေအိုင်ယွန်များပြုလုပ်နေစဉ်အလုပ်လုပ်သည်။

**မှတ်ချက်**

- “အပြာရောင်Ag+”သည်အဝတ်များကိုလျှော်ဖွတ်ရန်ဒီဇိုင်းထုတ်ထားသောကြောင့်သောက်သုံးရေနှင့်ချက်ပြုတ်ခြင်းကဲ့သို့သောရေများကိုအခြားရည်ရွယ်ချက်မသုံးပါနှင့်။
- အဝတ်အမျိုးအစားများ၊ဆပ်ပြာများ၊အဝတ်ပျော့ဆေးများနှင့်ရေစေးမှုများသည်ရလဒ်ကိုအကျိုးသက်ရောက်နိုင်သည်။
- အကယ်၍“အပြာရောင်Ag+”ဖြင့်ပိုးသတ်ထားသောအဝတ်ကြောင့်ယားယံခြင်း(သို့)တစ်စုံတစ်ရာမူမမှန်မှုများဖြစ်ပေါ်ပါကထိုအဝတ်များဝတ်ဆင်ခြင်းကိုရပ်တန့်လိုက်ပါ။
- “အပြာရောင်Ag+”အားအဝတ်ပျော့ဆေး(သို့)ဆပ်ပြာရည်နှင့်တွဲ၍အသုံးပြုပါကလျှော်ထားသောအဝတ်များသည်အဝါရောင်ပြောင်းလဲသွားနိုင်ပါသည်။အကယ်၍ဤသို့ဖြစ်ပါက“အပြာရောင်Ag+”မပါသောဆပ်ပြာအမှုန့်ဖြင့်ပြန်လည်လျှော်ဖွတ်ပါ။၄င်းသည်ဝါနေသောအဝတ်များကိုဖွေးသွားစေနိုင်သည်။(၆၀ဒီဂရီစင်တီဂရိတ်ရှိသောရေတွင်ပို၍အကျိုးသက်ရောက်မှုရှိသည်။)

### ■ Ag+အစိတ်အပိုင်းကိုအစားထိုးခြင်း

စက်ကိုဖွင့်လိုက်သောအခါအပြာရောင်Ag+မီးအိမ်သည်မှိတ်တုပ်မှိတ်တုပ်ဖြစ်နေပါကအဝတ်ပိုးသတ်သည့်သက်ရောက်မှုကိုဆက်လက်ရရှိရန်အတွက်အတွင်းရှိAg+အစိတ်အပိုင်းကိုအစားထိုးလဲလှယ်ရမည်။“အပြာရောင်Ag+မီးအိမ်သည်အခြားတစ်ဖက်တွင်“အပြာရောင်Ag+”ပိုးသတ်ခြင်းအလုပ်လုပ်နေကြောင်းပြသရန်ရေဖြင့်ထပ်မံဆေးကြောနေစဉ်အတွင်းမီးလင်းနေမည်။

**မှတ်ချက်**

- (ရေစေး၊ရေပမာဏနှင့်အပူချိန်စသည့်)ပုံမှန်အခြေအနေရေတွင်တစ်ပတ်လျှင် ၂ကြိမ်မျှပုံမှန်အသုံးပြုပါက“အပြာရောင်Ag+”သည်သုံးနှစ်မျှအလုပ်လုပ်နိုင်မည်။
- Ag+အစိတ်အပိုင်း၏ဝန်ဆောင်မှုပေးသည့်သက်တမ်းကုန်ဆုံးသွားပြီးနောက်လည်းသင်သည်အဝတ်လျှော်စက်ကိုဆက်လက်အသုံးပြု၍ရနိုင်သည်။သို့သော်လည်းပိုးသတ်ခြင်းပြုလုပ်ပေးခြင်းမရှိတော့ပါ။
- ဝန်ဆောင်မှုပေးသူအားအစားထိုးလဲလှယ်ရန်တိုင်ပင်ပါ။

## “အမြှုပ်ထွက်အားကောင်းခြင်း”

“အမြှုပ်ထွက်အားကောင်းခြင်း”ဖန်ရှင်သည်စာမျက်နှာ၁၉တွင်ဖော်ပြထားသည့်အတိုင်းသတ်မှတ်ထားသောပရိုဂရမ်များဖြင့်သာအလုပ်လုပ်ပါသည်။

“Active Foam”ဖန်ရှင်ကိုချိန်ညှိပြီး၄င်းဖန်ရှင်အလုပ်လုပ်နေစဉ် [Active Foam] သည်လင်းလာပါသည်။

# ပရိုဂရမ်ချိန်ညှိချက်များကိုပြောင်းခြင်း

■ ပြင်ဆင်ခြင်း

- လျှော်မည့်အဝတ်များကိုအမျိုးအစားခွဲ၍အဝတ်ကန်ထဲသို့ထည့်ပါ။ (စာမျက်နှာ–၉)
- ဆပ်ပြာထည့်ပါ။ (စာမျက်နှာ–၁၂)

၁ Power ပါဝါခလုတ်ကိုဖွင့်ပါ။

၂ ပရိုဂရမ်တစ်ခုကိုရွေးချယ်ပါ။ (စာမျက်နှာ –၁၆၊၁၇)




၃ **ပရိုဂရမ်၏မူလကသတ်မှတ်ထားသောချိန်ညှိချက်များကိုပြောင်းပါ။**

- ချိန်ညှိချက်အပိုင်းအခြားသည်ပရိုဂရမ်ပေါ်မူတည်သည်။ (စာမျက်နှာ –၁၈)

၄ Start/Pause စက်လည်ပတ်မှုစတင်ပါ။

## အပူချိန်ပြောင်းခြင်း
## ရေအပူချိန်

သင်သည်လျှော်ဖွတ်သည့်အပူချိန်ကိုလျှော်မည့်အဝတ်အမျိုးအစား(သို့) စွန်းထင်းပေကျံမှုအတိုင်းအတာပေါ်မူတည်၍ပြောင်းလဲနိုင်ပါသည်။

၃ Water Temp နှိပ်ပါ။

တစ်ချက်စီနှိပ်သည့်အပူချိန် ညွှန်ပြချက်တွင်ပြသမှုပြောင်းလဲသွားပါသည်။

■ ချိန်ညှိချက်လမ်းညွှန်

- မြင့်မားသောအပူချိန် ：
  အဖြူရောင်ရှိသောအဝတ်များ၊ချည်ထည်များ၊စွန်းထင်းပေကျံမှုများသောအဝတ်များ
- နိမ့်သောအပူချိန် ：
  အရောင်ရှိသည့်အဝတ်များ၊လွယ်ကူစွာကျုံ့သည့်အဝတ်များ၊ စွန်းထင်းပေကျံမှုအနည်းငယ်သာရှိသောအဝတ်များ

## ရေမျက်နှာပြင်အနိမ့်အမြင့်ပြောင်းခြင်း
## ရေမျက်နှာပြင်အနိမ့်အမြင့်

သင်သည်အဝတ်လျှော်သည့်ရေပမာဏကိုပြောင်းလဲနိုင်သည်။

၃ Water Level နှိပ်ပါ။

တစ်ချက်နှိပ်သည်နှင့်ရေမျက်နှာပြင်အနိမ့်အမြင့်ညွှန်ပြချက်တွင်ပြသမှုပြောင်းလဲသွားပါသည်။

: အမြင့် (H)
: အလယ်အလတ် (M)
: အနိမ့် (L)

## လှည့်ပတ်နှုန်းပြောင်းခြင်း
## လှည့်ပတ်နှုန်း

လျှော်ဖွတ်ပြီးသည့်အဝတ်များကိုပို၍နှံ့စပ်စွာခြောက်သွားစေရန်(သို့)အဝတ်များရှိအတွန့်အကြေကြောင်းများကိုလျှော့ချရန်လှည့်ပတ်နှုန်းကိုပြောင်းပါ။

---

၁ Spin Speed နှိပ်ပါ။

တစ်ချက်စီနှိပ်သည်နှင့်လှည့်ပတ်နှုန်းညွှန်ပြချက်တွင်ပြသမှုပြောင်းလဲသွားပါသည်။

■ **ချိန်ညှိချက်လမ်းညွှန်**

- ပို၍မြင့်သောအမြန်နှုန်း ： ပို၍နှံ့စပ်စွာခြောက်သွေ့စေရန်
- ပို၍နိမ့်သောအမြန်နှုန်း ： အဝတ်များတွန့်ကြေခြင်းကိုလျှော့ချရန်

**မှတ်ချက်**

- ပရိုဂရမ်စတင်ပြီးနောက်နှင့်လျှော်ဖွတ်သည့်လုပ်ငန်းစဉ်အဆုံးသတ်သည့်တိုင်အောင်သင်သည်လှည့်ပတ်နှုန်းကိုပြောင်းနိုင်ပါသည်။ပရိုဂရမ်ကိုခဏရပ်ပြီးအဆင့်၃နှင့်၄ကိုပြုလုပ်ပါ။

## ပရိုဂရမ်ပြီးဆုံးမည့်အချိန်ကိုချိန်ညှိခြင်း
## ကြိုတင်ချိန်ညှိခြင်း

သင်သည်မည်သည့်အချိန်တွင်အဝတ်လျှော်ခြင်းပြီးဆုံးမည်ကိုကြိုတင်ချိန်ညှိနိုင်သည်။

---

၁ Preset နှိပ်ပါ။

တစ်ချက်စီနှိပ်သည်နှင့်အချိန်ညွှန်ပြချက်တွင်ပြသမှုပြောင်းလဲသွားသည်။ “ ” ကြိုတင်ချိန်ညှိခြင်း” ခလုတ်ကိုနှိပ်ထားပြီးအချိန်ကိုစဉ်ဆက်မပြတ်ပြောင်းလဲနိုင်သည်။

■ **ချိန်ညှိချက်အကွာအဝေး**

၂၄နာရီအထက်(တစ်နာရီလျှင်တစ်ဆတိုး)

■ **ကြိုတင်ချိန်ညှိထားသောအချိန်ကိုစစ်ဆေးရန်**

Preset နှိပ်ပါ။

■ **ချိန်ညှိချက်ထားမှုများကိုပယ်ဖျက်ရန်**

Power ပါဝါပိတ်ပါ။
(ချိန်ညှိထားမှုများအားလုံးသည်ပယ်ဖျက်သွားပါမည်။)

**မှတ်ချက်**

- တံခါးပိတ်ပြီး“ကြိုတင်ချိန်ညှိခြင်း”ခလုတ်ကိုဖွင့်ရန်ပထမဆုံး“စတင်ခြင်း/ရပ်ခြင်း”ပြုလုပ်သည့်ခလုတ်ကိုစ၍နှိပ်ပါ။
- အရည်ပျော်ရန် ခက်ခဲသောအဝတ်လျှော်ဆပ်ပြာကိုအသုံးမပြုပါနှင့်။၄င်းဆပ်ပြာသည်အဝတ်လျှော်ခြင်းမပြုမီတွင်ခဲနေနိုင်ပြီးအဝတ်ကန်ထဲသို့မစီးဆင်းနိုင်ပါ။
- သင်သည်“သိုးမွှေး”၊“နူးညံ့သောအဝတ်များ”၊“အဝတ်ကန်သန့်ရှင်းခြင်း”(သို့)“ရေထုတ်ခြင်း”စသောပရိုဂရမ်တို့အတွက်ပြီးဆုံးချိန်ကိုချိန်ညှိခြင်းမပြုနိုင်ပါ။

# အခြားသောအပိုဖန်ရှင်များဖြင့်အဝတ်လျှော်ခြင်း

သင်သည်ပရိုဂရမ်တစ်ခုစီတွင်အခြားသောအပိုဖန်ရှင်များကိုပေါင်းထည့်၍ အသုံးပြုနိုင်သည်။

## ■ ကြိုတင်ပြင်ဆင်ခြင်း

- လျှော်ရမည့်အဝတ်များကိုအမျိုးအစားခွဲ၍အဝတ်ကန်ထဲသို့ထည့်ပါ။ (စာမျက်နှာ –၉)
- အဝတ်လျှော်ဆပ်ပြာထည့်ပါ။(စာမျက်နှာ–၁၂)

၁ Power **ပါဝါဖွင့်ပါ။**

၂ **ပရိုဂရမ်တစ်ခုကိုရွေးချယ်ပါ။ (စာမျက်နှာ၁၆၊၁၇)**




၃ **အခြားသော အပိုဖန်ရှင် ကိုပေါင်းထည့်ပါ။**

- ပရိုဂရမ်ပေါ်မူတည်၍အသုံးပြုနိုင်သောရွေးချယ်စရာများကွဲပြားပါသည်။
- အကယ်၍သင်သည် အသုံးပြု၍မရသောရွေးချယ်စရာတစ်ခုကိုရွေးချယ်ထားပါကအချက်ပေးခေါင်းလောင်းသံမြည်လာမည်ဖြစ်သည်။

၄ Start/Pause **အဝတ်လျှော်ခြင်းကိုစတင်သည်။**

## လုပ်ငန်းဆောင်တာများကိုရွေးချယ်ပြီးဆက်လက် ပြုလုပ်ခြင်း မုဒ်

သင်သည်လုပ်ငန်းစဉ်များဖြစ်သောလျှော်ဖွတ်ခြင်း၊ ရေဆေးခြင်းနှင့်လည်ပတ်ခြင်းတို့ကိုရွေးချယ်ကာလုပ်ဆောင်စေနိုင်သည်။

၃ **ဤခလုတ်ကိုနှိပ်ပါ။**

တစ်ချက်စီနှိပ်သည်နှင့်ညွှန်ပြချက်များပြသမှုသည်ပြောင်းလဲသွားပါသည်။

| | |
|---|---|
| *၂ | လျှော်ဖွတ်ခြင်း |
| *၁ | ဆပ်ပြာစင်စေရန်ရေဖြင့်ဆေးကြောခြင်း |
| *၁ | အဝတ်များကိုလှည့်ပတ်၍မွှေခြင်း |
| | လျှော်ဖွတ်ခြင်းနှင့်ဆပ်ပြာစင်စေရန်ရေဖြင့်ဆေးကြောခြင်း |
| *၁ | ဆပ်ပြာစင်ရန်ရေဖြင့်ဆေးကြောခြင်းနှင့် အဝတ်များကိုလှည့်၍မွှေခြင်း |
| | လျှော်ဖွတ်ခြင်းနှင့်အဝတ်များကိုလှည့်ပတ်၍မွှေခြင်း |

*၁ အကယ်၍အဝတ်ထည့်သည့်ကန်ထဲတွင်ရေရှိနေပါကပထမဆုံးထိုရေများကိုအပြင်သို့ထုတ်ပါ။

*၂ရေကျန်ရှိနေပါလိမ့်မည်။

## ဆပ်ပြာရည်စိမ်ခြင်း ဆပ်ပြာရည်စိမ်ခြင်း

သင်သည်ဆပ်ပြာစိမ်ခြင်းရွေးချယ်စရာကိုပေါင်းထည့်ခြင်းဖြင့်အဝတ်များကိုနှစ်ကြိမ်လျှော်ဖွတ်နိုင်ပါသည်။ဆပ်ပြာရည်စိမ်ခြင်းသည်စွန်းထင်းပေကျံမှုများသောအဝတ်များအတွက်ကောင်းပါသည်။

၃ Prewash **ဤခလုတ်ကိုနှိပ်ပါ။**

တစ်ချက်စီနှိပ်သည်နှင့် မီးလင်းလာပြီးလုပ်ဆောင်ချက်စတင်သည် (သို့)လုပ်ဆောင်ချက်ရပ်သွားသည်။

## ရေဖြင့်နှံ့စပ်စွာဆေးကြောခြင်း
## (Extra Rinse သင်္ကေတ) ပို၍ဆေးကြောခြင်း

အကယ်၍သင်သည်အချို့သောအဝတ်လျှော်ဆပ်ပြာများအဝတ်များတွင်ကျန်ရှိနေနိုင်သေးသည်ဟုထင်ခဲ့လျှင်သင်သည်ပုံမှန်ထက်ပို၍ရေဖြင့်နှံ့စပ်စွာဆေးကြောခြင်းလုပ်ငန်းစဉ်ကိုပေါင်းထည့်ပြုလုပ်နိုင်သည်။

---

၁ Extra Rinse **ဤခလုတ်ကိုနှိပ်ပါ။**

တစ်ချက်စီနှိပ်သည်နှင့် (Extra Rinse သင်္ကေတ) မီးလင်းလာပြီးလုပ်ဆောင်ချက်စတင်သည်(သို့)လုပ်ဆောင်ချက်ရပ်သွားသည်။

**မှတ်ချက်**

- ပရိုဂရမ်စတင်ပြီးနောက်နှင့်အဝတ်လျှော်ခြင်းပြီးဆုံးသည့်တိုင်အောင်သင်သည်‘‘ရေဖြင့်နှံ့စပ်စွာဆေးကြောခြင်း’’ဆက်တင်ကိုပြောင်းနိုင်ပါသည်။ပရိုဂရမ်ကိုခဏရပ်ပြီးအဆင့်၃နှင့်၄ကိုပြုလုပ်ပါ။

## လျှော်ရမည့်အဝတ်များကိုပိုးသတ်ခြင်း
## Ag⁺ အပြာရောင် Ag⁺ (အများဆုံး၃ကီလိုဂရမ်)

ငွေအိုင်ယွန်နှင့်ခရမ်းလွန်ရောင်ခြည်(ယူဗွီ)ကိုအသုံးပြု၍အဝတ်များကိုပိုးသတ်ပေးသည်။(စာမျက်နှာ – ၂၁)

---

၁ Blue Ag⁺ **ဤခလုတ်ကိုနှိပ်ပါ။**

Ag⁺ အလင်းရောင်(ပွင့်လာမည်)သို့တစ်ချက်နှိပ်ရုံဖြင့်လင်းလာမည်။

**မှတ်ချက်**

- အကယ်၍‘‘အပြာရောင်Ag+’’ကိုချိန်ညှိထားပါက‘‘ရေဖြင့်အပိုထပ်ဆောင်းဆေးကြောခြင်း’’လုပ်ငန်းသည်အတူတကွပါလာမည်ဖြစ်သည်။

# စက်၏မူလသတ်မှတ်ထားသည့်ချိန်ညှိမှုများကိုပြောင်းခြင်း

## အချက်ပေးသံကိုပယ်ဖျက်ခြင်း

သင်သည်ပရိုဂရမ်၏အဆုံးသတ်တွင်ကြားရသည့်အချက်ပေးသံကိုပိတ်နိုင်ပါသည်။

၁ Power — ပါဝါဖွင့်ပါ။

၂ Prewash — အနည်းဆုံး၃စက္ကန့်အတွက်နှိပ်ပါ။

တတီတီမြည်သံကြားရပြီးနောက်အချက်ပေးသံမြည်သည့်ဆက်တင်သည်ပယ်ဖျက်သွားပါမည်။

■ **လုပ်ဆောင်ရန်**

ပယ်ဖျက်ခြင်းတွင်လုပ်ဆောင်ခဲ့သည့်လုပ်ငန်းစဉ်အတိုင်းတူညီစွာလုပ်ဆောင်ပါ အချက်ပေးသံဆက်တင်သည်တတီတီနှစ်ခါမြည်ပြီးသည့်အခါစတင်လုပ်ဆောင်မည်။

## ကလေးလုံခြုံရေးဆိုင်ရာလော့ခ်အားထားရှိခြင်း

ကလေးလုံခြုံရေးဆိုင်ရာလော့ခ်

ကလေးများတံခါးကိုသူတို့ကိုယ်တိုင်ဖွင့်ခြင်းမှကာကွယ်နိုင်ရန်သင်သည်တံခါးလော့ခ်ပိတ်ထားနိုင်သည်။ထိုကဲ့သို့ပြုလုပ်ခြင်းသည်ထိန်းချုပ်ရေးခလုတ်များကိုလည်းလော့ခ်ပိတ်ခြင်းဖြစ်သည်။

၁ Power — ပါဝါအားဖွင့်ပါ။

၂ Water Temp — အနည်းဆုံး၃စက္ကန့်ကြာအောင်နှိပ်ထားပါ။

( [lock] [child] မီးလင်းလာသည်။)

■ **ရပ်ဆိုင်းရန်**

Water Temp — အနည်းဆုံး၃စက္ကန့်ကြာအောင်နှိပ်ထားပါ။

( [lock] [child] ပျောက်သွားသည်။)

● တတီတီမြည်သံများအား လျစ်လျူရှုကာကလေးလုံခြုံရေးဆိုင်ရာလော့ခ်ရပ်ဆိုင်းသွားသည်အထိဖိနှိပ်ပေးထားပါ။

## “အမြှုပ်ထ”လုပ်ဆောင်ချက်အားပယ်ဖျက်ခြင်း

သင်သည် “အမြှုပ်ထ” လုပ်ဆောင်ချက်ကိုရပ်ဆိုင်းနိုင်ပါသည်။

၁ Power — ပါဝါဖွင့်ပါ။

၂ “အဝတ်လျှော်သည့်ကန်သန့်ရှင်းရေး”အားရွေးချယ်ပါ။

၃ Water Level — အနည်းဆုံး၃စက္ကန့်ကြာအောင်နှိပ်ထားပေးပါ။ (“၀၀၂”သည်ဆက်လက်ပြသနေမည်ဖြစ်ပြီး [Active Foam] မီးလင်းလာလိမ့်မည်။)

၄ Water Level — နှိပ်ပါ။ (“၀၀၂”ဆက်လက်ပြသနေမည်ဖြစ်ပြီး [Active Foam] ပျောက်သွားလိမ့်မည်။)

၅ Start/Pause — နှိပ်ပါ။ (ဆက်တင်သည်ပြီးမြောက်ပြီးပါဝါသည်ပိတ်သွားလိမ့်မည်။)

■ **လုပ်ဆောင်ရန်**

ပယ်ဖျက်ခြင်းတွင်လုပ်ဆောင်ခဲ့သည့်လုပ်ငန်းနည်းစဉ်အတိုင်းတူညီစွာလုပ်ဆောင်ပါ။ အဆင့်၄ တွင် [Active Foam] မီးလင်းလာပါမည်။

# ပြုပြင်ထိန်းသိမ်းခြင်း

## ရေပေးသွင်းမှုအားစစ်ထုတ်သည့်ကိရိယာ

အကယ်၍ရေသည်ကောင်းမွန်စွာပေးသွင်းမှုမရှိပါကစစ်ထုတ်သည့်ကိရိယာအားသန့်ရှင်းရေးပြုလုပ်ပါ။




၁ ရေပိုက်အားပိတ်ပါ။

၂ ပါဝါအားဖွင့်ပါ။အဝတ်ထည့်သည့်ကန်အတွင်းအဝတ်များ(သို့)အဝတ်လျှော်ဆပ်ပြာရည်တို့မပါရှိပဲ "ချည်ထည်" ပရိုဂရမ်အားစတင်ပါ။

၃ ၁မိနစ်ကြာပြီးသောအခါပါဝါအားပိတ်လိုက်ပါ။ရေသည်ရေပေးသွင်းသည့်ပိုက်မှတစ်ဆင့်အပြင်သို့ထွက်သွားလိမ့်မည်။

၄ ရေပေးသွင်းသည့်ပိုက်အားဖယ်ရှားကာရေပေးသွင်းမှုအားစစ်ထုတ်သည့်ကိရိယာကိုသန့်ရှင်းရေးပြုလုပ်ပါ။




## အကယ်၍ရေပေးသွင်းသည့်ပိုက်သည်အေးခဲနေပါက

၁ ရေပေးသွင်းသည့်ပိုက်၏ပိုက်ဆက်နေရာများတစ်ဝိုက်တွင်နွေးသောသဘက်များအားပတ်ခြုံပေးပါ။




၂ ပူနွေးသောရေ(၅၀ဒီဂရီစင်တီဂရိတ်ခန့်) ၂လီတာမှ၃လီတာအားအဝတ်ထည့်ကန်အတွင်းသို့ထည့်ပေးပါ။



၃ ၁၀မိနစ်ခန့်စောင့်ဆိုင်းပါ။ "မှုန်" လုပ်ဆောင်ချက်ထဲရှိလည်ပတ်ခြင်းလုပ်ငန်းစဉ်အားရွေးချယ်၍စတင်လုပ်ဆောင်ပါ။(စာမျက်နှာ ၂၄)

# ပြုပြင်ထိန်းသိမ်းခြင်း(အဆက်)




## စက်ပစ္စည်း

ရေ(သို့)ဖုန်အညစ်အကြေးတို့အားနူးညံ့သည့်အဝတ်ကိုသုံး၍ပွတ်သုတ်ပေးပါ။

**မှတ်ချက်**

- ရေဖိတ်စင်ခြင်းမဖြစ်ပေါ်ပါစေနှင့်။
- သဲဆန်သည့်သန့်စင်ဆေးများ၊သုတ်ဆေးများ၊အရက်(သို့)ရေနံဆီပါဝင်သောထုတ်ကုန်များကိုအသုံးပြုခြင်းမပြုလုပ်ပါနှင့်။

■ **တံခါးရှိအလုံပိတ်ရာဘာကွင်းနှင့်ပြတင်းပေါက်**

ချည်မျှင်စ(သို့)အခြားပြင်ပ ပစ္စည်းများအားပွတ်သုတ်ပေးပါ။

■ **စက်ပစ္စည်း**

အဝတ်နှင့်အပျော့စားမီးဖိုချောင်သုံးဂျေးချွတ်ဆေးဖြင့်ပွတ်သုတ်ပေးပါ။

## အဝတ်ထည့်သည့်ကန်

ဝယ်ယူရရှိနိုင်သောအဝတ်ထည့်သည့်ကန်သန့်ရှင်းရေးလုပ်သည့်ဂျေးချွတ်ဆေးဖြင့်“အဝတ်ထည့်သည့်ကန်သန့်ရှင်းရေး”ပရိုဂရမ်အားတစ်လလျှင်တစ်ခါလုပ်ဆောင်ပါ။အဝတ်ထည့်သည့်ကန်သန့်ရှင်းရေးလုပ်သည့်ကြေးချွတ်ဆေး၏လမ်းညွှန်ချက်များအားလိုက်နာဆောင်ရွက်ပါ။

**မှတ်ချက်**

- အကယ်၍သင်သည်အညစ်ကြေးချွတ်ဆေးအားအသုံးပြုပါကထုတ်လုပ်သူ၏လမ်းညွှန်ချက်များကိုလိုက်နာဆောင်ရွက်ပါ။

## အဝတ်လျှော်ဆပ်ပြာထည့်သည့်အကန့်

အဝတ်လျှော်ဆပ်ပြာထည့်သည့်အကန့်အားရေဖြင့်ဆေးကြောပါ။အဝတ်လျှော်သည့်ဆပ်ပြာများသထက်များလာခြင်းသည်မှိုစွဲခြင်းကိုဖြစ်ပေါ်စေနိုင်ပါသည်။

၁ အဝတ်လျှော်ဆပ်ပြာထည့်သည့်အကန့်အားဆွဲထုတ်ပါ။




၂ ပုံတွင်ပါသည့်မြှားအသေးလေးများ၏လားရာအတိုင်းသင့်တော်သောအားဖြင့်လက်မနှစ်ချောင်းကိုအသုံးပြုကာဘေးဖက်သို့ဆွဲပါ။ထို့နောက်ပျော့ဆေးထည့်သည့်အကန့်၏အကာအားအဝတ်လျှော်ဆပ်ပြာထည့်သည့်အကန့်မှဖြုတ်ယူရန်၎င်းအားလက်မများဖြင့်အပေါ်သို့တွန်းပါ။



၃ အဝတ်လျှော်ဆပ်ပြာထည့်သည့်အကန့်အားရေဖြင့်ဆေးကြောပါ။

၄ ပျော့ဆေးထည့်သည့်အကန့်၏အကာနှင့်အဝတ်လျှော်ဆပ်ပြာထည့်သည့်အကန့်တို့အားပြန်လည်နေရာချပါ။

# ရေထွက်ပေါက်ရှိစစ်ထုတ်သည့်ကိရိယာ

ရေထွက်ပေါက်ရှိစစ်ထုတ်သည့်ကိရိယာမှချည်စတို့အားတစ်လလျှင်တစ်ခါဖယ်ထုတ်ပါ။ချည်မျှင်စများစုလာခြင်းသည်ရေစီးဆင်းမှုအားဟန့်တားနိုင်ပါသည်။

၁ စက်အားပိတ်၍ပလပ်မှဖြုတ်ပါ။

၂ အရှေ့ဘက်တွင်ရှိသောရေထွက်ပေါက်ရှိစစ်ထုတ်သည့်ကိရိယာ၏အကာအားဖွင့်ပါ။ထို့နောက်ထွက်လာသောရေအားလက်ခံနိုင်ရန်ကွန်တိန်နာဘူးတစ်ခုကိုထားရှိပါ။




၃ ဖိအားပါသောပိုက်အားဆွဲထုတ်ပါ။ကွန်တိန်နာဘူးထဲသို့ ရေစီးဆင်းစေရန်ပိုက်အဆို့အားဖယ်ရှားပါ။



## သတိပေးချက်

လုပ်ငန်းလည်ပတ်မှုပြုလုပ်နေသည့်အချိန်မျိုးတွင်အကယ်၍အဝတ်ထည့်သည့်ကန်ထဲ၌ရေရှိနေပါကရေထွက်ပေါက်ရှိစစ်ထုတ်သည့်ကိရိယာအားမဖယ်ရှားပါနှင့်။အကယ်၍သင်သည်ထိုကဲ့သို့ပြုလုပ်ပါကပမာဏများပြားသောရေပူလောင်နေသည့်ရေဖြစ်နိုင်သည်)တို့သည်ထွက်ကျလာနိုင်ပါသည်။

၄ ရေများမကျန်ရှိတော့သည့်အခါ ရေထွက်ပေါက်ရှိစစ်ထုတ်သည့်ကိရိယာအားလျော့သွားစေရန်လက်ဝဲရစ်လှည့်ကာ၄င်းအားဆွဲထုတ်ပါ။





၅ ချည်စနှင့်အမှိုက်စတို့အားဖယ်ရှားပါ။

၆ ရေထွက်ပေါက်ရှိစစ်ထုတ်သည့်ကိရိယာအားပြန်လည်တပ်ဆင်ပါ။

၇ ပိုက်အဆို့နှင့်ဖိအားပါသောပိုက်တို့အားပြန်လည်နေရာချကာရေထွက်ပေါက်ရှိစစ်ထုတ်သည့်ကိရိယာ၏အကာအားပိတ်ပေးပါ။

## သတိပေးချက်

ရေထွက်ပေါက်ရှိစစ်ထုတ်သည့်ကိရိယာအားနေသားတကျဖြစ်သွားသည်အထိ ၄င်းအားလက်ယာရစ်သေချာစွာလှည့်ပါ။သို့မဟုတ်ပါကရေယိုစိမ့်မှုသည်ပေါ်ပေါက်လာနိုင်ပါသည်။

# ပြဿနာရှာဖွေဖြေရှင်းခြင်း

| | ပြဿနာ | အကြောင်းအရင်းနှင့်ဖြေရှင်းချက်များ |
|---|---|---|
| စက် | **ခလုတ်များအလုပ်မလုပ်ပါ** | – လုပ်ငန်းလည်ပတ်မှုလုပ်ဆောင်နေစဉ်အတွင်းဆက်တင်များအားပြောင်းလဲ၍မရနိုင်ပါ။လျှော်ဖွတ်သည့်လုပ်ငန်းစဉ်အားရပ်နားထားသည့်အခါတွင်လည်ပတ်သည့်အရှိန်နှင့်"ရေဖြင့်နှံ့စပ်စွာဆေးကြောခြင်း"ဆက်တင်တို့ကိုသာပြောင်းလဲမှုပြုလုပ်နိုင်သည်။<br>– ကလေးဆိုင်ရာလုံခြုံရေးလော့ခ်( )လုပ်ဆောင်နေခြင်းဖြစ်နိုင်သည်။(စာမျက်နာ ၂၆) |
| | **တံခါးသည်မပွင့်ပါ** | – လုပ်ငန်းလည်ပတ်မှုလုပ်ဆောင်နေစဉ်အတွင်းတံခါးသည်လော့ခ်ပိတ်နေသည်။(စာမျက်နာ–၁၄)<br>– ကလေးဆိုင်ရာလုံခြုံရေးလော့ခ်( )လုပ်ဆောင်နေခြင်းဖြစ်နိုင်သည်။(စာမျက်နာ ၂၆)<br>– အဝတ်ထည့်သည့်ကန်အတွင်းရှိအပူချိန် သည်အလွန်မြင့်မားနေနိုင်သည်။<br>– ရေချိန်အမှတ်သည်အလွန်မြင့်မားနေနိုင်သည်။<br>■ **တံခါးအားချက်ချင်းဖွင့်ရန်**<br>(၁) စက်အားပိတ်ပြီးနောက်တစ်ဖန်ပြန်ဖွင့်ပေးပါ။<br>(၂) လည်ပတ်ခြင်းလုပ်ငန်းစဉ်အားလုပ်ဆောင်ပေးပါ။(စာမျက်နာ ၂၄)။ရေစီးဆင်းပြီးသွားသည့်အခါနှင့်အပူချိန်ကျဆင်းပြီးသွားသည့်အခါသင်သည်တံခါးကိုဖွင့်နိုင်ပါသည်။<br>– တံခါးသည်လော့ခ်ပိတ်နေစဉ်အတွင်းသင်သည်စက်အားပိတ်လိုက်ပါက(သို့)ပါဝါပြတ်တောက်မှုဖြစ်ပေါ်ပါကတံခါးသည်ပါဝါတစ်ဖန်ပြန်လာသည့်အချိန်အထိဆက်၍ပိတ်နေမည်ဖြစ်သည်။ |
| | **မူမမှန်သည့်အနံ့** | – စက်အားပထမဆုံးအကြိမ် အသုံးပြုချိန်တွင်ရာဘာအစိတ်အပိုင်းများမှ အနံ့တစ်မျိုးထွက်လာနိုင်ပါသည်။သို့သော်အနံ့သည်အချိန်ကြာလာသည်နှင့်အမျှပျောက်ကွယ်သွားနိုင်ပါသည်။<br>– အဝတ်ထည့်သည့်ကန်အားသန့်ရှင်းရေးပြုလုပ်ရန်"အဝတ်ထည့်သည့်ကန်သန့်ရှင်းရေး"ပရိုဂရမ်အားလုပ်ဆောင်ပါ။(စာမျက်နာ ၂၈) |
| လျှော်ဖွတ်ခြင်း | **စက်အတွင်းသို့ရေစီးဆင်းခြင်းမရှိပါ** | – ရေပိုက်ခေါင်းပိတ်နေခြင်းဖြစ်နိုင်သည်။<br>– ရေပေးသွင်းမှုသည်ပြတ်တောင်းခြင်းဖြစ်နေနိုင်သည်။<br>– ရေပေးသွင်းသည့်ပိုက်သည်အေးခဲခြင်းဖြစ်နိုင်သည်။(စာမျက်နာ ၂၇)<br>– ရေပေးသွင်းမှုအားစစ်ထုတ်သည့်ကိရိယာပိတ်ဆို့နေခြင်းဖြစ်နိုင်ပါသည်။(စာမျက်နာ ၂၇) |
| | **လျှော်ဖွတ်မှုပြုလုပ်နေစဉ်အတွင်းရေသည်များသည်ထက်များလာသည်** | – ဤကဲ့သို့ဖြစ်ခြင်းသည်ပုံမှန်ဖြစ်သည်။အကယ်၍ရေချိန်အမှတ်ကျဆင်းလာပါကရေသည်အလိုအလျောက်ပေးသွင်းခြင်းဖြစ်သည်။ |
| | **လျှော်ဖွတ်မှုပြုလုပ်နေစဉ်အတွင်းရေသည်စီးဆင်းထွက်ရှိလာသည်။** | – အကယ်၍ပိုလျှံသောအမြှုပ်ထွက်ရှိနေပါကရှိပြီးသားရေသည်စီးဆင်းထွက်ရှိသွားပြီးအသစ်ဖြစ်သောရေသည်အမြှုပ်အားဖယ်ထုတ်ရန်အတွက်ရောက်ရှိလာသည်။ထိုကဲ့သို့ဖြစ်ပေါ်ခြင်းသည်အမြှုပ်အားထောက်လှမ်းသည့်လုပ်ဆောင်ချက်ဖြစ်သည်။<br>– အကယ်၍ရေအားအဝတ်ထည့်သည့်ကန်အတွင်းသို့တိုက်ရိုက်ထည့်မည်ဆိုပါကငင်းရေသည်စုဝေးခြင်းမရှိဘဲစီးဆင်းထွက်ရှိသွားနိုင်သည်။ |

| | ပြဿနာ | အကြောင်းအရင်းနှင့်ဖြေရှင်းချက်များ |
|---|---|---|
| ရေဆေးခြင်း/လည်ပတ်ခြင်း | ရေဆေးခြင်းလုပ်ငန်းစဉ်အတွင်းရေသည်အဝတ်ထည့်သည့်ကန်အတွင်းသို့ပေးသွင်းမှုမရှိပါ | – ရေဆေးခြင်းမပြုလုပ်မီ ကျန်ရှိသည့်ရေအနည်းငယ်အားစီးဆင်းသွားစေရန်စက်သည်လည်ပတ်ခြင်းကိုပြုလုပ်သည်။ပြီးနောက်ကန်အားရေအသစ်ဖြင့်ဖြည့်သည်။ |
| ရေဆေးခြင်း/လည်ပတ်ခြင်း | လည်ပတ်ခြင်းလုပ်ငန်းစဉ်ပြီးဆုံးမှုမတိုင်ခင်ရေဆေးခြင်းသည်စတင်နေသည် | – အကယ်၍စက်သည်ထည့်ထားသည့်အဝတ်မညီမမျှဖြစ်နေသည်ကိုထောက်လှမ်းသိရှိပါကစက်သည်ထိုမညီမျှမှုအားပြင်ဆင်နိုင်ရန်ရေဆေးခြင်းအားအလိုအလျောက်စတင်စေသည်။<br>– အကယ်၍လျှော်ဖွတ်ခြင်းပြီးသည့်အခါပိုလျှံသောအမြှုပ်များကျန်ရှိနေပါကထိုအမြှုပ်အားဖယ်ရှားရန်အတွက်ရေသည်စီးဆင်းထွက်ရှိသွားမည်။ထိုကဲ့သို့ဖြစ်ပေါ်ခြင်းသည်အမြှုပ်အားထောက်လှမ်းသည်လုပ်ဆောင်ချက်ဖြစ်သည်။ |
| ရေဆေးခြင်း/လည်ပတ်ခြင်း | လည်ပတ်ခြင်းလုပ်ငန်းစဉ်လုပ်ဆောင်နေစဉ်အတွင်းအဝတ်ထည့်သည့်ကန်သည်ရပ်သွားကာအကြိမ်ရေများစွာလည်ပတ်နေသည် | – ဤကဲ့သို့ဖြစ်ခြင်းသည်ပုံမှန်ဖြစ်သည်။စက်သည်ထည့်ထားသည့်အဝတ်မညီမမျှဖြစ်နေသည်ကိုထောက်လှမ်းသိရှိပါကၚင်းအားပြင်ဆင်ရန်အလိုအလျောက်ကြိုးစားပြုလုပ်သည်။<br>– ထည့်ထားသည့်အဝတ်သည်အလွန်ပါးလွှာနေခြင်းဖြစ်သည်။<br>→ ရေချိုးခန်းသုံးသဘက်တစ်ထည်(သို့)နှစ်ထည်အားထည့်ကြည့်ပေးပါ။ |
| ရေဆေးခြင်း/လည်ပတ်ခြင်း | အမြှုပ်(သို့)ရေသည်တံခါး(သို့)တံခါးရှိအလုံပိတ်ရာဘာကွင်းပေါ်တွင်ကျန်ရှိနေသည် | – လျှော်ဖွတ်သည့်အဝတ်အထည်၏အခြေအနေ(သို့)အသုံးပြုသည့်အဝတ်လျှော်ဆပ်ပြာပမာဏအပေါ်မူတည်၍အချို့သောအမြှုပ်(သို့)ရေတို့သည်ကျန်ရှိနေနိုင်သည်။လျှော်ဖွတ်ထားသည်အဝတ်အားထုတ်ယူခြင်းမပြုမီအမြှုပ်နှင့်ရေတို့အားပွတ်သုတ်ပေးပါ။ |
| အချိန် | ပြသနေသောကျန်ရှိနေသည့်အချိန်သည်ပြောင်းလဲနေသည် | – ပြသချက်သည်ညွှန်ပြမှုသာဖြစ်ပြီးပြသနေစဉ်တလျောက်ပြင်ဆင်နေသည်။<br>– အကယ်၍ရေဆေးခြင်း(သို့)လည်ပတ်ခြင်းဆက်တင်များသည်ပြောင်းလဲနေပါက(သို့)စက်သည်ထည့်ထားသည့်အဝတ်မညီမမျှဖြစ်နေသည်ကိုထောက်လှမ်းသိရှိကာညီမျှမှုဖြစ်စေရန်ချိန်ညှိပါကကျန်ရှိနေသည့်အချိန်သည်များလာနိုင်သည်။ |
| အဝတ်လျှော်ဆပ်ပြာနှင့်အမြှုပ် | အမြှုပ်မလုံမလောက်ဖြစ်နေသည်/အရမ်းများနေသည် | – ရေ၏အပူချိန်၊ရေချိန်အမှတ်နှင့်အမျိုးအစားတို့အပေါ်မူတည်၍အမြှုပ်၏ပမာဏသည်ပြောင်းလဲမှုရှိသည်။<br>**အောက်ပါအကြောင်းအရာတို့သည်အမြှုပ်ထွက်နည်းခြင်းကိုဖြစ်ပေါ်စေနိုင်ပါသည်။**<br>– အဝတ်လျှော်ဆပ်ပြာမှုန့်အားအဝတ်ထည့်သည့်ကန်အတွင်းတိုက်ရိုက်ထည့်ခြင်း။<br>→ ၎င်းအားအဝတ်လျှော်ဆပ်ပြာထည့်သည့်အကန့်အတွင်းသို့ထည့်သင့်သည်။(စာမျက်နှာ ၁၂)<br>– အဝတ်လျှော်ဆပ်ပြာအားအလွန်နည်းပါးစွာအသုံးပြုမိခြင်း။<br>– အမြှုပ်ထွက်နည်းသည့်အဝတ်လျှော်ဆပ်ပြာအားအသုံးပြုမိခြင်း။<br>– ထည့်သွင်းသည့်အဝတ်သည်ကြီးမားနေခြင်း။<br>**အောက်ပါအကြောင်းအရာတို့သည်အမြှုပ်ထွက်များခြင်းကိုဖြစ်ပေါ်စေနိုင်ပါသည်။**<br>– များပြားသောအဝတ်လျှော်ဆပ်ပြာအားအသုံးပြုခြင်း။ |

ပြဿနာရှာဖွေဖြေရှင်းခြင်း

# ပြဿနာရှာဖွေဖြေရှင်းခြင်း(အဆက်)

| | ပြဿနာ | အကြောင်းအရင်းနှင့်ဖြေရှင်းချက်များ |
|---|---|---|
| ဆပ်ပြာမှုန့်နှင့်အရည်ပျော့ | ချည်သားပျော့ဆေးသည်လျှံထွက်ကျလာသည် | – ပျော့ဆေးပမာဏသည်အဝတ်လျှော်ဆပ်ပြာထည့်သည့်အကန့်၏"အများဆုံး"မျဉ်းလိုင်းအထက်တွင်အသုံးပြုခြင်းဖြစ်နိုင်သည်။(စာမျက်နှာ ၁၂)<br>– အဝတ်လျှော်ဆပ်ပြာထည့်သည့်အကန့်အားအလွန်အားပြင်းစွာပိတ်လိုက်သည့်အခါအချို့သောပျော့ဆေးတို့အားဖိတ်စင်ခြင်းကိုဖြစ်စေနိုင်သည်။ |
| | လျှော်ဖွတ်ပြီးသည့်အခါအဝတ်အထည်များပေါ်တွင်အဝတ်လျှော်ဆပ်ပြာအမှုန့်များတင်ကျန်ခြင်း | – အဝတ်လျှော်ဆပ်ပြာအမှုန့်အားအဝတ်ထည့်သည့်ကန်အတွင်းသို့တိုက်ရိုက်ထည့်ခြင်းကြောင့်ဖြစ်နိုင်သည်။<br>→ ၎င်းအားအဝတ်လျှော်ဆပ်ပြာထည့်သည့်အကန့်အတွင်းသို့ထည့်သင့်သည်။(စာမျက်နှာ ၁၂) |
| ဆူညံသံ | ပုံမှန်မဟုတ်သောဆူညံသံ(သို့)တုန်ခါမှုဖြစ်ပေါ်နေသည်။ | – အဝတ်ထည့်သည့်ကန်အတွင်းသတ္တုပစ္စည်းတစ်ခုခုရှိနေနိုင်သည်။<br>– မူလီအားမဖြုတ်ရသေးခြင်းဖြစ်နိုင်သည်။(စာမျက်နှာ ၃၆)<br>– စက်အားစောင်းနေသော(သို့)မတည်ငြိမ်မျက်နှာပြင်ပေါ်တွင်တပ်ဆင်ထားခြင်းဖြစ်နိုင်သည်။<br>– လျှော်ဖွတ်ခြင်းမပြုမီစိုစွတ်သောအဝတ်များကိုထည့်သွင်းမိခြင်းဖြစ်နိုင်သည်။<br>→ အဝတ်မလျှော်မီလည်ပတ်ခြင်းလုပ်ငန်းစဉ်(သို့)ရေညှစ်သည့်လုပ်ငန်းစဉ်ကိုလုပ်ဆောင်သည်။ |
| | ရေစီးဆင်းထွက်ရှိသွားသောအခါဆူညံသံထွက်ပေါ်နေသည် | – ဤဖြစ်စဉ်သည်ပုံမှန်ဖြစ်စဉ်ဖြစ်သည်။၎င်းသည်ရေထွက်ပိုက်အလုပ်လုပ်နေခြင်းမှထွက်ပေါ်လာသောဆူညံသံဖြစ်သည်။ |
| | ပန်ကာလည်ပတ်သံထွက်ပေါ်နေသည် | – ဤဖြစ်စဉ်သည်ပုံမှန်ဖြစ်စဉ်ဖြစ်သည်။ပန်ကာသည်လျှပ်စစ်အစိတ်အပိုင်းများကိုအအေးဓာတ်ပေးစေသည်။ |
| အခြားသောအရာများ | လုပ်ငန်းလည်ပတ်နေစဉ်ပါဝါပြတ်တောက်မှုဖြစ်ပေါ်သည် | – ပါဝါပြန်လည်ရရှိသောအခါလုပ်ငန်းလည်ပတ်မှုသည်၎င်းရပ်သွားသည့်နေရာမှပြန်လည်လည်ပတ်လိမ့်မည်။(အလိုအလျောက်ပြန်လည်စတင်ခြင်း) |
| | လျှပ်စစ်ပတ်လမ်းဖြတ်တောက်သည့်ကိရိယာသည်လုပ်ငန်းလည်ပတ်နေစဉ်ခလုတ်ပွင့်သွားသည် | – အကြောင်းအရင်းအားရှာဖွေကာ၎င်းအားဖြေရှင်းပါ။ပြီးနောက်လျှပ်စစ်ပတ်လမ်းဖြတ်တောက်သည့်ကိရိယာကိုပြန်လည်ချိန်ညှိထားရှိပါ။<br>ပါဝါပြန်လည်ရရှိသောအခါလုပ်ငန်းလည်ပတ်မှုသည်၎င်းရပ်သွားသည့်နေရာမှပြန်လည်လည်ပတ်လိမ့်မည်။(အလိုအလျောက်ပြန်လည်စတင်ခြင်း) |
| | ရေပေးသွင်းမှုသည်ပြတ်တောင်းမှုဖြစ်ပေါ်နေသည် | – ရေပေးသွင်းမှုပြန်လည်ရရှိပြီးသည့်အခါရေသည်ခဏတာအရောင်ပျက်ပြယ်ခြင်းဖြစ်ပေါ်နိုင်သည်။<br>→ ရေပေးသွင်းသည့်ပိုက်အားဖြုတ်ပါ။ရေသည်အရောင်ပျက်ပြယ်ခြင်းမရှိတော့သည်အထိရေပိုက်ခေါင်းအားဖွင့်ထားပါ။ပြီးနောက်ရေပေးသွင်းသည့်ပိုက်အားပြန်လည်တပ်ဆင်ပါ။(စာမျက်နှာ–၃၈) |
| | ပြသမှုသည်ရှင်းလင်းမှုမရှိဖြစ်နေသည် | – စက်သည်အလင်းရောင်အလွန်တောက်ပသောနေရာ(သို့)နေရောင်ထိုးနေသောနေရာတွင်တည်ရှိနေခြင်းဖြစ်နိုင်သည်။ |

# အမှားဖော်ပြချက်

| | |
|---|---|
| U11<br>ရေစီးဆင်းထွက်ရှိမှုမပြုလုပ်နိုင်ခြင်း | **ပြုလုပ်ရန်**<br>ရေထွက်ပိုက်တွင်အောက်ပါပြဿနာများရှိမရှိကိုစစ်ဆေးကြည့်ရှုပါ။<br>–၎င်းသည်အမှိုက်အစအနများနှင့်ပိတ်ဆို့နေသည်။<br>–ပိုက်၏ထိပ်ပိုင်းသည်ရေထဲတွင်နစ်မြုပ်နေသည်။<br>–ပိုက်သည်ဒမီတာအမြင့်၏အထက်တွင်ရှိနေသည်။<br>–ပိုက်ထဲရှိရေသည်အေးခဲနေသည်။<br>ရေထွက်ပေါက်ရှိစစ်ထည့်သည့်ကိရိယာပိတ်ဆို့နေပါကၡင်းအားသန့်ရှင်းရေးပြုလုပ်ပါ။(စာမျက်နှာ ၂၉)<br>ပြဿနာအားပြင်ဆင်ဖြေရှင်းပြီးသည့်အခါတံခါးအားဖွင့်ကာ၎င်းအားပြန်ပိတ်ပါ။ပြီးနောက် "Start/Pause" ခလုတ်အားနှိပ်ကာစက်အားအစမှပြန်လည်စတင်ပါ။(မည်သို့ပင်ဆိုစေကာမူတံခါးသည်ရေချိန်အမှတ်ကြောင့်ပွင့်လာမည်မဟုတ်ပါ။ထိုကဲ့သို့ဖြစ်ပါကပါဝါအားပိတ်ကာ၎င်းအားပြန်လည်ဖွင့်၍လုပ်ငန်းလည်ပတ်မှုကိုပြန်လည်စတင်ပါ။) |
| U12<br>တံခါးသည်ပွင့်နေခြင်း | **ပြုလုပ်ရန်**<br>တံခါးအားစနစ်တကျစွာပိတ်ထားသည်မှာသေချာနေပါစေ။<br>တံခါးအားလုံခြုံစွာပိတ်ကာ "Start/Pause" ခလုတ်ကိုနှိပ်ပါ။ |
| U13<br>လည်ပတ်–ခြောက်သွေ့မှုမပြုလုပ်နိုင်ခြင်း | ဤထုတ်ကုန်သည်ထည့်ထားသည့်အဝတ်မညီမမျှဖြစ်နေခြင်းကိုထောက်လှမ်းနိုင်ရန်ဒီဇိုင်းဆွဲထားသည်။ငြိမ်သက်သောလုပ်ငန်းလည်ပတ်မှုနှင့်အကောင်းဆုံးသောရလဒ်များရရှိနိုင်ရန်အတွက်သေးငယ်သောအဝတ်အထည်များကိုအထူးသဖြင့်ထောက်လှမ်းနိုင်သည်။ဤကဲ့သို့ဖြစ်ခြင်းသည်စက်ချို့ယွင်းနေခြင်းမဟုတ်ပါ။အောက်ပါဖြေရှင်းချက်တစ်ခုခုကိုလုပ်ဆောင်ကြည့်ပါ။<br>**ပြုလုပ်ရန်**<br>–စုဝေးနေသောအဝတ်အထည်များကိုကျေးဇူးပြု၍ရှင်းလင်းပေးပါ။<br>–အကယ်၍သင်သည်ကြီးမားသောအဝတ်အထည်များကိုလျှော်ဖွတ်ပါကဥပမာစောင်များ၊လျှော်ဖွတ်သည့်ပမာဏကိုလျှော့ချပေးပါ။<br>–အလွန်သေးငယ်သောအဝတ်အထည်များကိုလျှော်ဖွတ်ပါကရေချိုးခန်းသုံးသဘက်တစ်ထည်(သို့)နှစ်ထည်ကိုထည့်ပေးပါ။<br>–ကျေးဇူးပြု၍သင်၏စက်သည်တည်ငြိမ်သောမျက်နှာပြင်ပေါ်တွင်ရှိနေစေရန်စစ်ဆေးကြည့်ရှုပါ။<br>–စက်သည်ရေပြင်ညီစွာတည်ရှိနေစေရန်အောက်ခြေများကိုကျေးဇူးပြု၍ချိန်ညှိပေးပါ။<br>ပြဿနာအားပြင်ဆင်ဖြေရှင်းပြီးသည့်အခါတံခါးအားဖွင့်ကာ၎င်းအားပြန်ပိတ်ပါ။ပြီးနောက် "Start/Pause" ခလုတ်အားနှိပ်ကာစက်အားအစမှပြန်လည်စတင်ပါ။ |
| U14<br>ရေပေးသွင်းမှုမပြုလုပ်နိုင်ခြင်း | **ပြုလုပ်ရန်**<br>အောက်ပါပြဿနာတစ်ခုခုဖြစ်နေ၊မဖြစ်နေကိုစစ်ဆေးကြည့်ရှုပါ။<br>–ရေပေးသွင်းသည့်ရေပိုက်ခေါင်းပိတ်နေခြင်း။<br>–ရေစိုက်သည့်အေးခဲနေခြင်း။<br>–ရေပေးသွင်းမှုသည်ပြတ်တောင်းနေခြင်း။<br>–ရေပေးသွင်းမှုအားစစ်ထုတ်သည့်ကိရိယာသည်ပိတ်ဆို့နေခြင်း။(စာမျက်နှာ ၂၇)<br>ပြဿနာအားပြင်ဆင်ဖြေရှင်းပြီးသည့်အခါတံခါးအားဖွင့်ကာ၎င်းအားပြန်ပိတ်ပါ။ပြီးနောက် "Start/Pause" ခလုတ်အားနှိပ်ကာစက်အားအစမှပြန်လည်စတင်ပါ။ |
| H | "H" ဖြင့်စသောအမှားတစ်ခုအားဖော်ပြနေသည်။<br>**ပြုလုပ်ရန်**<br>လုံခြုံမှုရရှိစေရန်အတွက်ရေပိုက်ခေါင်းအားပိတ်ပါ။ "H" အနောက်ရှိဂဏန်းနံပါတ် ၂လုံးအားကြည့်ရှုစစ်ဆေးပါ။စက်အားပလပ်ဖြုတ်၍ကျွန်ုပ်တို့ကုမ္ပဏီ၏ဝန်ဆောင်မှုကိုယ်စားလှယ်ကိုဆက်သွယ်ပါ။ |

# မှန်ကန်သောနေရာကိုရွေးချယ်ခြင်း

- တပ်ဆင်မှုအတွက်ဝန်ဆောင်မှုကိုယ်စားလှယ်ကိုသေချာစွာမေးမြန်းပါ။သင်ကိုယ်တိုင်တပ်ဆင်ခြင်းမပြုလုပ်ပါနှင့်။
- တပ်ဆင်ခြင်း၊အစမ်းသုံးစွဲခြင်း၊ကြည့်ရှုစစ်ဆေးခြင်းတို့အားအောက်ပါတပ်ဆင်မှုလမ်းစဉ်အတိုင်းမလိုက်နာပါကဖြစ်ပေါ်လာနိုင်သည့်မတော်တဆမှု(သို့)ပျက်စီးမှုတို့အတွက်ပန်နာဆိုးနစ်မှတာဝန်ရှိမည်မဟုတ်ပါ။

စက်ပစ္စည်းအရွယ်အစားများ




■ **စက်အားတပ်ဆင်ထားရှိမှုမပြုရမည့်နေရာများ**

–စိုစွတ်သောနေရာ(သို့)စက်အားမိုးရေအစရှိသည်တို့ထိတွေ့နိုင်သောနေရာ(ထိုနေရာတွင်ထားရှိပါကဓာတ်လိုက်မှု(သို့)မီးလောင်မှုတို့ကိုဖြစ်ပေါ်စေနိုင်ပါသည်။)

–ရေပြင်ညီမဟုတ်သော(သို့)မတည်ငြိမ်သောနေရာများ(ထိုနေရာတွင်ထားရှိပါကတုန်ခါမှုနှင့်ဆူညံမှုတို့ကိုဖြစ်ပေါ်စေနိုင်ပါသည်။)

–နေရောင်တိုက်ရိုက်ထိတွေ့သောနေရာ(ထိုနေရာတွင်ထားရှိပါကစက်ချို့ယွင်းမှု(သို့)ပုံပျက်မှုကိုဖြစ်ပေါ်စေနိုင်ပါသည်။)

| သတိပေးချက် |
| --- |
| အေးခဲသည့်အပူချိန် ရောက်ရှိနေသည့်နေရာတွင်စက်အားတပ်ဆင်ခြင်းမပြုလုပ်ပါနှင့်။ |




■ **စတင်တပ်ဆင်ခြင်း**

–ပါဝါပလပ်နှင့်ပလပ်ပေါက်တို့အားအလွယ်တကူရောက်ရှိနိုင်သောနေရာတွင်စက်အားတပ်ဆင်ပေးပါ။

–စက်၏ဘေးပတ်ပတ်လည်တွင်နေရာလွတ်အလုံအလောက်ရှိသောနေရာ၌စက်အားတပ်ဆင်ပေးပါ။

(က)း ၃မီလီမီတာ(သို့)အထက်အပေါ်ဘက်

(ခ)း ၅မီလီမီတာ(သို့)အထက်အနောက်ဘက်

(ဂ)း ၂မီလီမီတာ(သို့)အထက်ဘယ်ဘက်အခြမ်း

(ဃ)း ၂မီလီမီတာ(သို့)အထက်ညာအခြမ်း

(င)း ၆၄စင်တီမီတာ နှင့်အထက်

| သတိပေးချက် |
| --- |
| စက်၏သတ္တုအစိတ်အပိုင်းများအားသတ္တုလက်ဆေးကန်များ(သို့)အခြားပစ္စည်းများဖြင့်ထိတွေ့ခြင်းမဖြစ်ပါစေနှင့်။ |

# နေရာရွှေ့ပြောင်းခြင်းနှင့်တပ်ဆင်ခြင်း

## စက်အားသယ်ယူခြင်း

သင်ကိုယ်တိုင်တစ်ယောက်တည်းသယ်ဆောင်ခြင်းမပြုလုပ်ပါနှင့်။



စက်အားအနောက်ဘက်သို့စောင်းလိုက်ပါ။ပြီးနောက်အခြားလူတစ်ယောက်မှအနောက်ဘက်ထိပ်ပိုင်းအားကိုင်ထားစဉ်အခြားတစ်ယောက်မှစက်၏အောက်ခြေကိုခိုင်မြဲစွာကိုင်တွယ်ပါ။

## အောက်ခြေပလိပ်ပြားအားတပ်ဆင်ခြင်း

အောက်ခြေပလိပ်ပြား၏ဆက်စပ်ပစ္စည်းများသည်အထုပ်အပိုး၏အထက်ပိုင်းရှိအမြုပ်ထွက်စေသည့်အပြားထဲတွင်ရှိသောကြောင့်၎င်းအားစွန့်ပစ်ခြင်းမပြုလုပ်ပါနှင့်။




အောက်ခြေပလိပ်ပြား၏အရှေ့ဘက်အမှတ်အသားအားရှေ့တွင်ထားရှိကာတပ်ဆင်ရမည်။

၁ ကိုယ်ထည်အားအနောက်သို့၆၀ ဒီဂရီခန့်စောင်းကာ၎င်းအားတည်ငြိမ်အောင်ထားပါ။ပြီးနောက်အောက်ခြေပလိပ်ပြားအားစက်၏အောက်ခြေတွင်ထားရှိပါ။




၂ အောက်ခြေပလိပ်ပြား၏အနောက်ဘက်လက်မစွန်းများကိုအောက်ခြေတွင်ချိတ်ပါ။



၃ အရှေ့ဘက်လက်မစွန်းကိုလည်းအောက်ခြေထဲသို့ကလစ်ခ်အသံမည်သည်အထိထိုးသွင်းပါ။

၄ ဘယ်နှင့်ညာလက်မစွန်းတို့ကိုလည်းအောက်ခြေထဲသို့ကလစ်ခ်အသံမည်သည်အထိထည့်သွင်းပါ။



# နေရာရွှေ့ခြင်းနှင့်တပ်ဆင်ခြင်း (အဆက်)

## မူလီများအားဖြုတ်ယူခြင်း

မူလီများသည်စက်၏အတွင်းပိုင်းအားနေသားတကျဖြစ်စေရန်နှင့်သယ်ယူပို့ဆောင်နေစဉ်စက်အားတုန်ခါမှုမှကာကွယ်နိုင်ရန်အတွက်ထိန်းသိမ်းလုပ်ဆောင်ပေးသည်။




၁ ဝက်အူလှည့်ကိုအသုံးပြုမူလီ၄ခု(အစိတ်အပိုင်း၄ခု)အားချောင်အောင်လျှော့ပေးပါ။




၂ မူလီတစ်ခုချင်းဆီ၏ရာဘာအစိတ်အပိုင်းကိုလက်ဝဲရစ်လှည့်ကာ၄င်းအားဆွဲထုတ်ပါ။



၃ အဖုံးအကာတစ်ခုအားအပေါက်တွင်တပ်ဆင်ပါ။အကယ်၍အဖုံးများမတပ်ဆင်ပါကစက်ထဲသို့ပြင်ပအရာဝတ္ထုများဝင်ရောက်ကာစက်ချို့ယွင်းပျက်စီးနိုင်ပါသည်။



**မှတ်ချက်**

- မူလီများတပ်ဆင်လျက်ဖြင့်စက်အားလည်ပတ်အသုံးပြုပါကလွန်ကဲသောတုန်ခါမှုကိုဖြစ်ပေါ်စေနိုင်ပါသည်။၄င်းတို့အားလည်ပတ်အသုံးပြုမှုမပြုမီဖယ်ရှားရမည်ဖြစ်သည်။
- မူလီအားသိမ်းဆည်းထားပါ။ရေရှည်တွင်စက်အားရွှေ့ပြောင်းသည့်အခါ၄င်းတို့ကိုလိုအပ်လာနိုင်ပါသည်။
- စက်အားနောက်တစ်ကြိမ်ရွှေ့ပြောင်းသည့်အခါစက်တွင်မူလီများကိုတပ်ဆင်ထားရမည်။မူလီများကိုဖြုတ်ခဲ့သည့်လမ်းစဉ်ကိုပြောင်းပြန်ပြောင်းကာ၄င်းတို့ကိုတပ်ဆင်ပါ။

## ပြန်ပြောင်းကာ၄င်းတို့ကိုတပ်ဆင်ပါ။

စက်အားတပြေးညီဖြစ်အောင်ထားရှိခြင်း

ပါးလွှာသောဝက်အူလှည့်နှင့်ရေပြင်ညီကိရိယာတို့အားပြင်ဆင်ပါ။(စက်နှင့်အတူမပါရှိပါ။)

ရေပြင်ညီကိရိယာကိုအသုံးပြု၍စက်အားတပြေးညီဖြစ်အောင်ပြုလုပ်ပါ။







၁ ဝက်အူလှည့်ဖြင့်လော့ခ်လုပ်သောမူလီအားချောင်သွားစေရန်လျှော့ပေးပါ။

၂ ချိန်ညှိနိုင်သောခြေထောက်များကိုလှည့်ကာအမြင့်အားချိန်ညှိပါ။

၃ လော့ခ်လုပ်နိုင်သောမူလီကိုကျပ်ပေးပါ။

**မှတ်ချက်**

- လော့ခ်လုပ်နိုင်သောမူလီများအားလုံးကိုသေချာစွာခိုင်မြဲစွာကျပ်ပေးပါ။ချိန်ညှိနိုင်သောခြေထောက်များကိုလည်းစက်တွင်သေချာစွာတပ်ဆင်ပါ။အကယ်၍၄င်းတို့အားမတပ်ဆင်ပါကစက်သည်တုန်ခါ၍နေရာရွှေ့သွားနိုင်ပါသည်။

# ရေပိုက်များဆက်သွယ်ခြင်း

ရေယိုစိမ့်မှုများအားကာကွယ်နိုင်ရန်အတွက်ရေပိုက်များကိုမှန်ကန်သင့်လျော်စွာဆက်သွယ်ပါ။

■ ရေပိုက်များနှင့်ပါဝါကြိုးများ၏အများဆုံးဆက်သွယ်နိုင်သောအကွာအဝေး

ညာဘက်ဆက်သွယ်မှုများ




ဘယ်ဘက်ဆက်သွယ်မှုများ



# ရေပိုက်များဆက်သွယ်ခြင်း (အဆက်)

## ရေသွင်းပိုက်

### ■ အဓိက ရေဖိအားနှင့်ရေစီးဆင်းနှုန်း

- ရေဖိအား  : ၀.၀၃ –၁မီဂါပါစကယ်
  အကယ်၍ရေဖိအားသည်ဤတန်ဖိုးထက်ကျော်လွန်ပါကဖိအားလျှော့ချသည့်အဆို့ရှင်ကိုတပ်ဆင်ပါ။
- ရေပိုက်ခေါင်းမှရေစီးဆင်းနှုန်း၅လီတာ/မိနစ်(သို့)အထက်

### ■ ရေသွင်းပိုက်အားဆက်သွယ်ခြင်း

| သတိပေးချက် |
| --- |
| ● ရေပိုက်အားလိမ်ခေါက်ခြင်း၊ဖိညှပ်ခြင်း၊ပြင်ဆင်ခြင်း(သို့)ဖြတ်တောက်ခြင်းများမပြုလုပ်ပါနှင့်။<br>● မူလီအားခိုင်မြဲစွာကျပ်ပေးပါ။ |

၁ ရေပိုက်၏တစ်ဖက်အစွန်းအားစက်ပေါ်ရှိ ရေသွင်းပေါက်သို့ချိတ်ဆက်ကာလက်ဖြင့်ကြပ်ပါ။




၂ ရေပိုက်၏ကျန်တစ်ဖက်စွန်းအားရေပိုက်ခေါင်းနှင့်ချိတ်ဆက်ကာလက်ဖြင့်ကြပ်ပါ။




၃ ရေပိုက်အားဖြည်းညင်းစွာလှည့်၍ယိုစိမ့်မှုမရှိသည်မှာသေချာနေပါစေ။

## Drain hose

### ■ လက်ဆေးကန် (သို့)ဘေစင်ထဲသို့ရေစီးဆင်းစေခြင်း

| သတိပေးချက် |
| --- |
| ရေထွက်ပေါက်အားအကွေးပုံသဏ္ဌာန်ရှိပိုက်ဆက်ဖြင့်သေချာစွာထိန်းညှိထားပါ။သို့မှသာရေစီးဆင်းထွက်ရှိသည့်အချိန်တွင်ရေ၏ဖိအားကြောင့်ကျွတ်ထွက်မှုမရှိနိုင်မည်ဖြစ်သည်။ |




### ■ တစ်ဆင့်ခံပိုက်ထဲသို့စီးဆင်းစေခြင်း




### ■ ရေထွက်ပေါက်ထဲသို့စီးဆင်းစေခြင်း



**မှတ်ချက်**

- ရေထွက်ပေါက်အားပိတ်ခြင်း၊ဆွဲထုတ်ခြင်း(သို့)ကွေးခြင်း မပြုလုပ်ပါနှင့်။
- ရေထွက်ပေါက်၏ထိပ်ပိုင်းအားရေအောက်တွင်မထားရှိပါနှင့်။

# တပ်ဆင်ပြီးနောက်စစ်ဆေးခြင်း

## စက်ပစ္စည်းအစိတ်အပိုင်းများ၏အမည်စာရင်းစစ်ဆေးခြင်း

### မူလီများ ☑

- မူလီ၄ခုလုံးကိုဖြုတ်ထားပြီးအဖုံးအကာများပြန်လည်တပ်ဆင်ပြီးပါပြီလား။

### အဓိကပလပ် ☐

- စက်ကိုအဝေစီ ၂၃၀ ဗို့အားရှိသောအိမ်တွင်ပလပ်ပေါက်ထဲသို့ပလပ်သွင်းထားပါသလား။




### ချိန်ညှိနိုင်သောခြေထောက်များ ☐

- ၄င်းတို့သည်တည်ငြိမ်မှုရှိပြီးလုံခြုံစွာကျပ်ထားပါသလား။
(စာမျက်နှာ၃၆)
- စက်သည်ရေပြင်ညီစွာတည်ရှိနေပါသလား။
(စာမျက်နှာ၃၆)

### ရေသွင်းပိုက် ☐

- ရေသွင်းပိုက်ကိုမှန်ကန်သင့်လျော်စွာချိတ်ဆက်ထားပါသလား။၄င်းသည်ရေယိုစိမ့်မှုများမှကင်းဝေးပါသလား။
(စာမျက်နှာ၃၈)

### တပ်ဆင်သည့်နေရာ ☐

- စက်သည်ညီညာတည်ငြိမ်သောမျက်နှာပြင်ပေါ်တွင်တည်ရှိပါသလား။
- စက်သည်တုန်ခါမှုမရှိပဲလည်ပတ်နိုင်ပါသလား။
(စာမျက်နှာ၃၆)

### ရေထွက်ပိုက် ☐

- ရေထွက်ပိုက်အားမှန်ကန်သင့်လျော်စွာချိတ်ဆက်ထားပါသလား။၄င်းသည်ပုံမှန်ရေစီးဆင်းထွက်ရှိမှုကိုဖြစ်ပေါ်စေပါသလား။(စာမျက်နှာ၃၈)

# တပ်ဆင်ပြီးနောက်စစ်ဆေးခြင်း(အဆက်)

## စမ်းသပ်သုံးစွဲခြင်း




၁ ရေပိုက်ခေါင်းကိုဖွင့်ပါ။

၂ အဝတ်ထည့်သည့်ကန်အတွင်းလျှော်ဖွတ်မည့်အဝတ် မပါဘဲတံခါးကိုပိတ်ပါ။

၃ Power စက်ကိုခလုတ်ဖွင့်ပါ။

၄ "၁၅မိနစ်အမြန်လျှော်ဖွတ်ခြင်း" ပရိုဂရမ်ကိုရွေးချယ်ပါ။

၅ Start/Pause လုပ်ငန်းလည်ပတ်မှုကိုစတင်ပါ။

### ရေယိုစိမ့်မှုများ ☐

- စက်နှင့်ပိုက်အဆက်များတွင်ရေယိုစိမ့်မှုများရှိမရှိကိုစစ်ဆေးပါ။(စာမျက်နှာ၃၇)

### မူမမှန်သောဆူညံသံ ☐

- စက်သည်ရေပြင်ညီဖြစ်နေစေရန်ဆောင်ရွက်ပါ။ (စာမျက်နှာ၃၆)

### အမှားဖော်ပြချက် ☐

U 11 ရေစီးဆင်းထွက်ရှိမှုမပြုလုပ်နိုင်ခြင်း (စာမျက်နှာ၃၃)

U 14 ရေပေးသွင်းမှုမပြုလုပ်နိုင်ခြင်း (စာမျက်နှာ၃၃)

- ချို့ယွင်းမှုတစ်ခုကိုဖြေရှင်းပြီးသည့်အခါတံခါးအားဖွင့်ကာပြန်ပိတ်ပေးပါ။ပြီးနောက် စမ်းသပ်သုံးစွဲမှုကိုဆက်လက်လုပ်ဆောင်ရန်အတွက်"Start/Pause"ခလုတ်ကိုနှိပ်ပါ။

# ပါဝါနှင့်ရေသုံးစွဲမှု

| ပရိုဂရမ် | အပူချိန် | ရေချိန်သတ်မှတ်ချက် | ထည့်သွင်းသည့်အဝတ် | ပါဝါသုံးစွဲမှု *၁ | ရေသုံးစွဲမှု *၁ | အချိန်*၁ |
|---|---|---|---|---|---|---|
| ချည်ထည် | အေး | မြင့် | ၁၀ကီလိုဂရမ် | ၀.၁၅ကီလိုဝပ်နာရီ | ၉၅လီတာ | ၁ : ၀၂ |
| | အေး | မြင့် | ၉ကီလိုဂရမ် | ၀.၁၅ကီလိုဝပ်နာရီ | ၉၁လီတာ | ၁ : ၀၂ |
| | ၄၀ဒီဂရီစင်တီဂရိတ် | မြင့် | ၁၀ကီလိုဂရမ် | ၁.၀ကီလိုဝပ်နာရီ | ၉၅လီတာ | ၁ : ၁၇ |
| | ၄၀ဒီဂရီစင်တီဂရိတ် | မြင့် | ၉ကီလိုဂရမ် | ၁.၀ကီလိုဝပ်နာရီ | ၉၁လီတာ | ၁ : ၁၇ |
| | ၆၀ဒီဂရီစင်တီဂရိတ် | မြင့် | ၁၀ကီလိုဂရမ် | ၁.၅ကီလိုဝပ်နာရီ | ၉၅လီတာ | ၁ : ၃၂ |
| | ၆၀ဒီဂရီစင်တီဂရိတ် | မြင့် | ၉ကီလိုဂရမ် | ၁.၅ကီလိုဝပ်နာရီ | ၉၁လီတာ | ၁ : ၃၂ |
| ECO ချည်ထည်အီကို | ၄၀ဒီဂရီစင်တီဂရိတ် *၂ | မြင့် | ၁၀ကီလိုဂရမ် | ၀.၉ကီလိုဝပ်နာရီ | ၅၇လီတာ | ၁ : ၂၀ |
| | ၄၀ဒီဂရီစင်တီဂရိတ် *၂ | မြင့် | ၉ကီလိုဂရမ် | ၀.၉ကီလိုဝပ်နာရီ | ၅၁လီတာ | ၁ : ၂၀ |
| ECONAVI | အေး | မြင့် | ၁၀ကီလိုဂရမ် | ၀.၄ကီလိုဝပ်နာရီ | ၅၄လီတာ | ၂ : ၂၃ |
| | အေး | မြင့် | ၉ကီလိုဂရမ် | ၀.၄ကီလိုဝပ်နာရီ | ၉၀လီတာ | ၂ : ၂၃ |
| | ၄၀ဒီဂရီစင်တီဂရိတ် | မြင့် | ၁၀ကီလိုဂရမ် | ၁.၁ကီလိုဝပ်နာရီ | ၉၄လီတာ | ၂ : ၃၈ |
| | ၄၀ဒီဂရီစင်တီဂရိတ် | မြင့် | ၉ကီလိုဂရမ် | ၁.၁ကီလိုဝပ်နာရီ | ၉၀လီတာ | ၂ : ၃၈ |

*၁ ဇယားကွက်ထဲတွင်ညွှန်ပြထားသောပါဝါ၊ရေသုံးစွဲမှုနှင့်အချိန်တို့သည်ဖိအားများ၊ရေအမျိုးအစားနှင့်အပူချိန်များ၊အခန်းအပူချိန်များ၊လျှော်ဖွပ်မည့်အဝတ်အထည်၏အမျိုးအစားများနှင့်ပမာဏများ၊ဗို့အားအတက်အကျဖြစ်ခြင်းများနှင့်အသုံးပြုမည့်လုပ်ဆောင်ချက်များ၏ပြောင်းလဲမှုတို့အပေါ်တွင်မူတည်၍လိုက်လံပြောင်းလဲနိုင်သည်။

*၂ သက်ဆိုင်ရာသိုလှောင်မှုပမာဏရှိသည့်သာမန်စွန်းထင်းနေသောအဝတ်အထည်များအတွက်"အီကိုချည်ထည်"ပရိုဂရမ်အားအပူချိန်၄၀ဒီဂရီစင်တီဂရိတ်ရှိသောရေနှင့်ရေချိန်သတ်မှတ်ချက်အမြင့်တွင်အသုံးပြုခြင်းကိုထောက်ခံချက်ပေးထားသည်။

# အသေးစိတ်အချက်အလက်များ

| မော်ဒယ်နံပါတ် | NA-120VX6 | NA-120VG6 | NA-129VX6 | NA-129VG6 |
|---|---|---|---|---|
| ရှိရမည့်ဗို့အား | ၂၃၀ဗို့ | | | |
| ရှိရမည့်ကြိမ်နှုန်း | ၆၀ဟတ်စ် | | | |
| အများဆုံးစွမ်းအင်အတွက်ရှိရမည့်ပါဝါဝပ်အား | ၁၈၅၀ဝပ် | ၁၈၅၀ဝပ် | ၁၈၅၀ဝပ် | ၁၈၅၀ဝပ် |
| အပူပေးစွမ်းအင်အတွက်ရှိရမည့်ပါဝါဝပ်အား | ၁၆၁၀ဝပ် (၂၃၀ဗို့) | ၁၆၁၀ဝပ် (၂၃၀ဗို့) | ၁၆၁၀ဝပ် (၂၃၀ဗို့) | ၁၆၁၀ဝပ် (၂၃၀ဗို့) |
| အများဆုံးလည်ပတ်မှုအမြန်နှုန်း | ၁၂၀၀လည်ပတ်မှု / မိနစ် | | | |
| ထုတ်ကုန်အရွယ်အစား | ၅၉၆ (အနံ) × ၅၆၀ (အနက်) × ၈၄၅ (အမြင့်) | | | |
| ထုတ်ကုန်အလေးချိန် | ၆၆ကီလိုဂရမ် | | | |
| ခြောက်သွေ့သောအဝတ်၏အများဆုံး အလေးချိန် | ၁၀ကီလိုဂရမ် | | ၉ကီလိုဂရမ် | |
| ရေသုံးစွဲမှု | "ပါဝါနှင့်ရေသုံးစွဲမှု" ကိုမှီငြမ်းကြည့်ရှုပါ။(စာမျက်နှာ၄၃) | | | |
| ဘုံပိုင်ရေ၏ဖိအား | ၀.၀၃–၁မီဂါပါစကယ် | | | |

■ ပါဝါပေးသွင်းမှုကိုစစ်ဆေးကြည့်ရှုပါ။

စက်၏ရှိရမည့်ပါဝါသည်နာမည်ပလိပ်ပြားပေါ်တွင်ပြသထားပါသည်။ ၎င်းသည်သင့်နေအိမ်၏အသေးစိတ်အချက်အလက်များနှင့်ကိုက်ညီမှုရှိနေပါစေ။



Panasonic Appliances Washing Machine
(Hangzhou) Co., LTD.

No. 6, Song Qiao Street, Economic & Technical Development Zone,
Hangzhou, 310018, P. P. China